# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၂၁၂)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်လတ်၊ ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် PJ စာအုပ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

၁။ ၂၀၂၆ ခုနှစ်၊ မေလ (၁) ရက်နေ့မှစတင်၍ မြန်မာနိုင်ငံသို့ ခွင့်ဖြင့် ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများသည် အလုပ်ရှင်ထံမှ ခွင့်စာ (Letter of Permission for Leave) နှင့် သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့မှ မှန်ကန်ကြောင်း စိစစ်ထောက်ခံချက် ရယူပြီး သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာမှ ထုတ်ပေးသော ထောက်ခံချက်ပူးတွဲ၍ ပြည်ပသို့ ပြန်လည်ထွက်ခွာခွင့် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီကာလအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေကြသည့် အလုပ်သမားများတွင် ခွင့်ကာလ (၁) လအထက်ကျော်သူများ၊ OWIC တွင် ဖော်ပြထားသော နိုင်ငံနှင့် လုပ်ငန်းခွင်ကွဲလွဲသူများသည် ခွင့်ကာလတစ်လကျော်ယူရသည့် အကြောင်းပြချက်နှင့် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြရပါမည်။

၃။ မြန်မာနိုင်ငံသားများ အလုပ်သွားရောက်လုပ်ကိုင်နေသော နိုင်ငံအများစုတွင် သတ်မှတ်ထားသော ခွင့်အမျိုးအစားများအနက် မီးဖွားခွင့်၊ မိသားစုစောင့်ရှောက်ခွင့်၊ နာမကျန်းခွင့် စသည်တို့မှအပ နှစ်ပတ်လည်ခွင့်အပါအဝင် သာမန်ခွင့်များကို အများဆုံး (၁) လသာ ခွင့်ပြုထားသည်ဟု သိရှိထားရသဖြင့် အမှန်တကယ် ခွင့်တင်ပြရယူထားသော ခွင့်ပြန်အလုပ်သမားဖြစ်ကြောင်း သေချာစေရန် စိစစ်ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံသား အလုပ်သမားများ အမှန်တကယ်အလုပ်လုပ်ကိုင်နေသော OWIC ပါ အလုပ်ရှင်နှင့် လုပ်ငန်းခွင်တို့တွင် အခက်အခဲတစ်စုံတစ်ရာကြုံတွေ့ရပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်၍ လက်ရှိအလုပ်လုပ်နေသော အလုပ်ရှင်/လုပ်ငန်းခွင် အမှန်ကို သိရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

၄။ သို့ပါ၍ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် PJ စာအုပ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး ၎င်းတို့အလုပ်လုပ်ကိုင်ရာ သက်ဆိုင်ရာနိုင်ငံရှိ လုပ်ငန်းခွင်များသို့ အချိန်မီပြန်လည်ဝင်ရောက်နိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် အထောက်အထားများကို မှန်ကန်ပြည့်စုံစွာ တင်ပြနိုင်သည့် လျှောက်လွှာများကို ရက်သတ္တပတ် တစ်ပတ် (ရုံးပိတ်ရက်အပါအဝင်)အတွင်း ပြည်ပထွက်ခွာခွင့်နှင့် OWIC အသစ်လဲလှယ်နိုင်ရေးတို့ကို စနစ်တကျနှင့် အမြန်ဆုံး စိစစ်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**


**ယနေ့ ဖတ်စရာ**

ဦးထမ်း ပဲ့ထမ်း ကြိုးပမ်းကြမည် ရွှေပြည်သစ်ဆီ ရှေ့သို့ချီ — ဆောင်းပါး — စာ ၆

ဘေးအန္တရာယ်များ ကျရောက်လာတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကူညီနေသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ — ဆောင်းပါး — စာ ၁၀

အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြု ကတ်ပြားများကို Online တွင် ကြော်ငြာ၍ စာရွက်စာတမ်းအတုများ ထုတ်ပေးလျက်ရှိသဖြင့် ပွဲစားများ၊ အကောင့်အတု(Fake Account) များနှင့် လုံးဝဆက်သွယ်ခြင်းမပြုရန် အများပြည်သူသို့ အသိပေးကြေညာ — အသိပေးကြေညာချက် — စာ ၁၃

၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများအလိုက် ဆက်လက်လေ့ကျင့်သင်ကြား — ပြည်တွင်းသတင်း — စာ ၁၂




# မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များကြား အသက်ကိုပဓာနမထားဘဲ စွန့်စားကြသူများ

အရှေ့တောင်အာရှတွင် အစောဆုံး မြို့ပြလူ့အဖွဲ့အစည်းကို တည်ထောင်နိုင်ခဲ့သည့် မိမိတို့နိုင်ငံတွင် မီးဘေးကာကွယ်ရေးကိုလည်း ရှေးကတည်းကပင် အလေးအနက်ထားခဲ့ကြသည်။ လူနေရပ်ရွာများ မီးလောင်ကျွမ်းမှုမဖြစ်ရေးအတွက် ထုတ်ဆင့်သည့် ဘုရင့်အမိန့် မှတ်တမ်းများအရ စည်းကမ်းတကျ မီးဘေးကာကွယ်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်ကျရောက်ပြီးနောက် ၁၈၈၅ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ် မီးသတ်ကို တည်ထောင်ခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ် အက်ဥပဒေအရ စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့အစည်းကို စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ မီးသတ်အစည်းအရုံးများကို စုစည်းရန် ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးညီလာခံကြီးကို ရန်ကုန်မြို့ ကန်တော်ကလေး၊ ဇိနတ် အစ္စလာမ် အမျိုးသမီးကျောင်းတွင်ကျင်းပခဲ့ရာ တစ်နိုင်ငံလုံးရှိ ခရိုင်ပေါင်း ၁၉ ခရိုင်၊ မြို့ပေါင်း ၅၅ မြို့မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီးဒုတ်ဦးဘချို၊ သခင်မြ၊ ဦးဘဆွေ စသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။ နိုင်ငံအတွင်း ဒေသအနှံ့အပြားတွင် အကွဲကွဲအပြားပြား တည်ရှိနေကြသည့် စေတနာ့ဝန်ထမ်း အပျော်တမ်းမီးသတ်တပ်ဖွဲ့များကို စုစည်း၍ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်နိုင်လိုက်ခြင်းက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သမိုင်းတွင် မော်ကွန်းတင်ရမည့်နေ့ကြီးတစ်နေ့ ပေါ်ထွန်းလာစေသည်။

အဆိုပါ ညီလာခံကြီးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း။ စစ်တပ်များတွင် သူရဲကောင်းများ ပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင် သူရဲကောင်းများ ပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးတိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများဖြစ်သဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများ ဖြစ်ကြောင်း၊ မီးသတ်အဖွဲ့တွင် ယဉ်ကျေးမှုနှင့် စွန့်စားမှု အရေးကြီးသဖြင့် အရပ်ရပ်တိုင်းတွင် ဖွဲ့စည်းသင့်ကြောင်း" ၎င်း၏ မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းလုံးမှ မီးသတ်အစည်းအရုံးများ ပထမဆုံးအကြိမ် စုစည်းမိခဲ့သည့် ၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ နှစ်စဉ် မေလ ၅ ရက်နေ့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၀ ပြည့်မြောက်သည့်ကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ မီးသတ်ဦးစီးဌာနသည် ရည်မှန်းချက် တာဝန် (၄) ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်၊ မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်၊ မီးဘေးအန္တရာယ်နှင့် အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါအန္တရာယ် (သို့မဟုတ်) ရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရေးအတွက် ပညာပေး၊ စည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ရန်တို့ကို ရည်ရွယ်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတွင် လူဦးရေ တိုးတက်များပြားလာခြင်း၊ မြို့ရွာလူနေအိမ်ခြေများတိုးချဲ့တည်ထောင်လာခြင်း၊ စက်ရုံအလုပ်ရုံ စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လာခြင်း၊ ကမ္ဘာ့ရာသီဥတု အပြောင်းအလဲကြောင့် ကြီးမားပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ပိုမိုများပြားလာခြင်း စသည့်အကြောင်းရင်းများကြောင့် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ၏ ဖြစ်နိုင်ခြေမှာ မြင့်မားလာလျက်ရှိသည်။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် အဆိုပါဘေးအန္တရာယ်များနှင့် ရင်ဆိုင်၍ စွမ်းစွမ်းတမံတိုက်ပွဲဝင်ကြသည့် သူရဲကောင်းများမှာ မီးသတ်တပ်ဖွဲ့ဝင်များပင်ဖြစ်သည်။ ဘေးအန္တရာယ်များမှ ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးတို့တွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရန် အသက်ကို ပဓာနမထားဘဲ စွန့်စားကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား နှစ် (၈၀) ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့တွင် လေးစားစွာဂုဏ်ပြုအပ်ပါကြောင်း။ ။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ အစိုးရ သစ်ကြားမှာ ငြိမ်းချမ်းခြင်း နေ့သစ်တွေ မြင်တွေ့ရတော့မှာလား"** ခေါင်းစဉ်ဖြင့် မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူ့ကာကွယ်ရေး ခေါင်းစဉ်အောက်က အကြမ်းဖက်များ ရှိနေသ၍ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့အသက်ပေးနေရမည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို မေ ၁၀ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသမည်

ရန်ကုန် မေ ၄

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

**၄ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅ - ၅ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၁၅ | ၄၇၀၀ | ၄၆၄၀ | ၄၅၃၀ | ၄၇၀၀ | ၄၇၁၅ | ၄၇၆၅ | ၄၆၁၀ | ၄၇၆၅ | ၅၀၈၅ | ၄၆၃၅ | ၄၇၅၅ | ၄၇၃၅ | ၄၆၉၀ | ၄၆၉၀ | ၄၉၀၀ |
| 95 Ron | ၄၆၇၀ | ၄၈၆၀ | ၄၈၀၀ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၇၀ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၅၀ | ၄၈၅၀ | ၅၀၆၀ |
| HSD (500 ppm) | ၅၂၇၅ | ၅၄၅၅ | ၅၃၈၅ | ၅၂၉၀ | ၅၄၅၅ | ၅၄၆၅ | ၅၅၁၅ | ၅၃၆၅ | - | ၅၈၂၀ | ၅၃၉၀ | ၅၅၈၅ | ၅၄၉၀ | ၅၄၄၅ | ၅၄၄၅ | ၅၆၄၅ |
| HSD (50 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | ၆၇၀၅ | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |
| HSD (10 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၇၈ | ၄၃၉၉ |
| 95 Ron | ၄၄၃၃ | ၄၅၅၅ |
| HSD (500 ppm) | ၅၀၃၃ | ၅၁၆၃ |
| HSD (50 ppm) | ၆၁၆၀ | ၆၃၁၃ |
| HSD (10 ppm) | ၆၁၆၀ | ၆၃၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး

## အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကြည်းတပ်စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူး Captain Manoj Kumar Pandey နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် ခိုင်မာချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ယှဉ်ကျေးမှုအဖွဲ့များနှင့်အားကစားအဖွဲ့များ အပြန်အလှန် အလည်အပတ်စေလွှတ်မည့်အခြေအနေများ၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ်များအကြား စွမ်းဆောင်မှုဆိုင်ရာ မြှင့်တင်ရေး စစ်ရေးလေ့ကျင့်ခန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း အကြမ်းဖက်သောင်းကျန်းသူများ မရှိစေရေး လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံတွင် တရားမျှတ၍ သိက္ခာရှိသော ရွေးကောက်ပွဲ ပြီးမြောက်ကာ ပြည်သူကို ကိုယ်စားပြုသည့် အစိုးရ အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ဆက်လက်လျှောက်လှမ်းကာ ဒေသတွင်းအကျိုးစီးပွားကို ဟန်ချက်ညီ ဆက်လက်ဖော်ဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၄**

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်မည့် အခြေအနေ၊ စီးပွားရေးနှင့်ကုန်သွယ်မှုများမြှင့်တင်နိုင်မှု အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် အကောက်ခွန်ဦးစီးဌာန လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲ တက်ရောက်





**ရန်ကုန် မေ ၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၄၉ လမ်းရှိ အကောက်ခွန်ဦးစီးဌာန လေ့ကျင့်ရေးဌာနစု (သင်တန်းကျောင်း)၌ ဖွင့်လှစ်သည့် ဌာနကူးပြောင်းဝန်ထမ်းများ၊ ပြင်ပမှခေါ်ယူခဲ့သည့် အကောက်ခွန်မှူး၊ အလုပ်သင် ဒုတိယအကောက်ခွန်မှူးများ လုပ်ငန်းခွင်သင်တန်း ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက သင်တန်းသားများ အနေဖြင့် ဝန်ထမ်း စည်းမျဉ်း စည်းကမ်း၊ ကျင့်ဝတ်များကို သိရှိလိုက်နာရန်လိုအပ်ကြောင်း၊ ပို့ချပေးမည့် သင်ခန်းစာများကို အလေးအနက်ထား သင်ယူလေ့လာမှတ်သားပြီး လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချနိုင်ရန်လိုကြောင်း၊ ဌာန၏လုပ်ငန်းများ အောင်မြင်စေရန် အထောက်အကူပြု တာဝန်ယူနိုင်သည့် ဝန်ထမ်းများဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းခန်းမများ၊ သင်ရိုးညွှန်းတမ်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

အကောက်ခွန် ဦးစီးဌာန လုပ်ငန်းခွင် သင်တန်းတွင် သင်တန်းသား ၆၇ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၄-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆~၃၆၆၈ | ၅၅၇.၉ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၈၀၆,၉၉၆.၄၅ | ၁၁,၃၅၃,၀၂၂.၂၅ | ၁၃၃,၂၆၄,၆၁၅.၆၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၁,၂၀၀,၀၀၀.၀၀ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀ သန်းကိုလည်းကောင်း ဗဟိုဘဏ်မှ စက်မှုကုန်ကြမ်းကဏ္ဍသို့ ထိုင်းဘတ် ၁ ဒသမ ၂၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးခင်မောင်လတ်တို့နှင့်အတူ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုနယ်မြေ မြို့နယ် ရှစ်မြို့နယ်၌အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များအား ထိန်းသိမ်းထားရှိမှုနှင့် ခြောက်လတစ်ကြိမ် စစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ပြည်ထောင်စုနယ်မြေ မြို့နယ်ရှစ်မြို့နယ်၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူနည်းပညာရှင်များဖြင့် စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိမှုများ၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ပါ အချက်များဖြစ်သော အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ အီလက်ထရောနစ်မဲပေးစက်များ ထားသိုခြင်း၊ ဘက်ထရီများထားသိုခြင်း၊ လုံခြုံရေး အစီအမံများ၊ စစ်ဆေးပြီးစီးမှုများကို ကော်မရှင်သို့ တင်ပြခြင်း စသည့်အချက်များအတိုင်း စနစ်တကျ ထားသိုထိန်းသိမ်းကြရန်နှင့် ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေးခြင်းများ အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပိုမိုအားကောင်းခိုင်မာလာစေရန် အမြင်ချင်းဖလှယ်



**နေပြည်တော် မေ ၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးနှင့် ကဏ္ဍစုံတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအတွက် ပိုမိုအားကောင်းခိုင်မာလာစေရန်တို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားနှင့် ပုဗ္ဗသီရိမြို့နယ်တို့၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူတို့၏လိုအပ်ချက်ကို လက်ငင်းဖြည့်ဆည်းပေးမှုအဖြစ် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ထုတ်ပေး

**နေပြည်တော် မေ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ ပျဉ်းမနားမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ပြည်သူများအတွက် လိုအပ်ချက်ကိုလက်ငင်းဖြည့်ဆည်း ဆောင်ရွက်ပေးမှုအဖြစ် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ဦးစီးမှူးရုံး စုံစမ်းရေးနေရာ၌ ဧည့်ကြိုဝန်ထမ်း ထားရှိဆောင်ရွက်မှုကို ကြည့်ရှုပြီး ရုံးဝင်းအတွင်းရှိ ပြည်သူများ နားနေဆောင်၌ နိုင်ငံသားဆိုင်ရာ လုပ်ငန်းများ လာရောက် ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက သွေးအမျိုးအစား စစ်ဆေးဆောင်ရွက်ပေးနေမှုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ စီစဉ်မှုဖြင့် နိုင်ငံသားကတ်အတွက် ဓာတ်ပုံရိုက်ကူးနေမှု၊ မြို့နယ်အဆင့် ငါးဦး ကော်မတီအဖွဲ့ဝင်များ စိစစ်ဆောင်ရွက်နေမှု၊ ရုံးခန်းအတွင်း ဝန်ထမ်းများက အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသားကတ် မရရှိသေးသူများ၊ ပျောက်ဆုံး/ ပျက်စီးသူများ၊ အိမ်ထောင်စု လူဦးရေစာရင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ လာရောက် ဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းနှင့် စိစစ်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID တစ်ပါတည်း ဆောင်ရွက်ပေးနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုကာ လာရောက်ဆောင်ရွက်သူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စာရွက်စာတမ်းလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့အတွက် ဂရုပြုဆောင်ရွက်ကြရန် မှာကြားပြီး လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်၍ မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ ပုဗ္ဗသီရိမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့်အတူ မြို့နယ် ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံသားကတ် ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID တစ်ပါတည်း ထုတ်ပေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ကာယကံရှင် ပြည်သူတစ်ဦးထံ ပေးအပ်ပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက် လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် နိုင်ငံသားများ၊ အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူခြင်း လုပ်ငန်းများကို လမင်းစီမံချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ပထမရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ပထမရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်များက Zoom Application Online System စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော် ကတိသစ္စာပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်း၊ နိုင်ငံတော်သမ္မတအိမ်တော်တွင် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းလမ်းညွှန်မှာကြားချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ မြှင့်တင်ရေး၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နယ်စပ်ဒေသ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား မိရိုးဖလာမှ ခေတ်မီစနစ်သို့ ကူးပြောင်းနိုင်ရေး၊ နိုင်ငံတော်အစိုးရ၏ ပထမရက် (၁၀၀) ကာလအတွင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်တွင် အချိန်မီပြီးစီးအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရေး၊ မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို တိကျစွာကျင့်ကြံနေထိုင်ကာ အဂတိကင်းရှင်းစွာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရေးနှင့် အစဉ်အလာကောင်းမွန်ပြီးဖြစ်သည့် ဝန်ကြီးဌာနပုံရိပ်ကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရေးတို့ကို တိုက်တွန်းမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ပြည်သူ့အတွက် ပထမရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒီဂရီကောလိပ်များနှင့် ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



စစ်ဆေးစဉ် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်း၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အဆောက်အအုံ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းတွင် ကျန်ရှိသည့်လုပ်ငန်းများကို မေလအကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ စာဖတ်သူများ ပျော်ရွှင်စွာလေ့လာဖတ်ရှုနိုင်သည့်နေရာဖြစ်အောင် ဖန်တီးထားရန်လိုကြောင်း၊ စာကြည့်တိုက်၏ ပတ်ဝန်းကျင်တွင် စာလာရောက်ဖတ်ရှုမည့်သူများ အပန်းဖြေနိုင်ရန်အတွက် ကော်ဖီအရောင်းဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ စာဖတ်သူဦးရေကို ယခုလာရောက်ဖတ်ရှုသည့် နှုန်းထားထက် ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ စာကြည့်တိုက်၏ ပုံမှန်လုပ်ငန်းဖြစ်သည့် Digitization လုပ်ငန်းများကိုလည်း အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်သမ္မတက ပညာရေးအဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် စာကြည့်တိုက်များသည်လည်း ပညာရေးမြှင့်တင်ခြင်းတွင် ပါဝင်နေခြင်းကြောင့် စာကြည့်တိုက်များ တိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပညာသည် စာထဲတွင်ရှိသည့်အတွက်ကြောင့် စာဖတ်ရန်လိုအပ်ပါကြောင်း၊ စာဖတ်သူဦးရေတိုးတက်လာစေရန် အမျိုးသားစာကြည့်တိုက်များ၏ လှုပ်ရှားမှုများကို Social Media များတွင် တင်ပြခြင်း၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်တို့မှတစ်ဆင့် Talk Show များ၊ Interview များ ရိုက်ကူး၍ အများပြည်သူများသိရှိနိုင်စေရန် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အဆောက်အအုံအတွင်းရှိ တက္ကသိုလ်မြတ်သူစာစုခန်း၊ Donor Collection၊ ကလေးစာဖတ်ခန်း၊ Data Center၊ အာဆီယံစာစုခန်း၊ ပေပြက္ခ၊ e-Library၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေပုရပိုက်ခန်းနှင့် သုတေသနဌာနခွဲရုံးခန်းများသို့ လှည့်လည်ကြည့်ရှုပြီး စာကြည့်တိုက် အသုံးပြုသူများ ပိုမိုများပြားလာစေရေး ဆောင်ရွက်ရန်၊ စာအုပ်စာစောင်များအား Digital Format ပြုလုပ်ခြင်း လုပ်ငန်းအား စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ အဆောက်အအုံအတွင်းနှင့် စာပေပစ္စည်းများ ပိုးမွှားအန္တရာယ် ကင်းဝေးစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝမ်းတွင်းမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲနွားကာကွယ်ဆေးထိုးနှံ

**ဝမ်းတွင်း မေ ၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများတွင် အဖြစ်များတတ်သော ကျွဲနွားခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် အသိပညာပေး ဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေဖြိုးချစ်နှင့် ဝန်ထမ်းများက အစိုးရသစ်လက်ထက် ရက်(၁၀၀) စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ သဲတော(၁)ရပ်ကွက်၊ သဲတော(၂) ရပ်ကွက်၊ ဝမ်းတွင်း (၃) ရပ်ကွက်၊ လျှော်ပင်ကျေးရွာ၊ ဆည်ရွာနှင့် ထန်းပင်ကုန်း ကျေးရွာများမှ နွားမွေးမြူသူတောင်သူ ၄၂ ဦး မွေးမြူထားရှိသည့် နွားကောင်ရေ ၁၉၈ ကောင်အား ကာကွယ်ဆေးများ ထိုးနှံဆောင်ရွက်ခြင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း၊ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းနှင့် နို့စားနွား တိုးချဲ့မွေးမြူခြင်းကြောင့် ရရှိလာသည့် အကျိုးအမြတ်များ အကြောင်း အသိပညာပေးဆွေးနွေး၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ဦးထမ်း ပဲ့ထမ်းကြိုးပမ်းကြမည် ရွှေပြည်သစ်ဆီ ရှေ့သို့ချီ

**နိုင်ငံတစ်နိုင်ငံအနေဖြင့် မည်သည့်စနစ်ကိုကျင့်သုံးသည်ဖြစ်စေ ဦးဆောင်သူအစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီ ဦးထမ်း ပဲ့ထမ်းကြိုးပမ်းဆောင်ရွက်ကြမှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။**

ဇာနည်ဘွား

တစ်ခါက နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါ ကို သတင်းသမားတစ်ဦးက **“မြန်မာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိပွန်ဖောင်ဒေးရှင်းက မည်သို့ပံ့ပိုးကူညီနိုင်မလဲ”** ဟု မေးရာ မစ္စတာဆာဆာကာဝါ က **“မြန်မာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာတို့ကသာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း”** ဖြေကြားသွားခဲ့ဖူးသည်။

သဘာဝကျသော အဖြေတစ်ခုသာ ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံကို မဆိုထားဘိ၊ အိမ်ထောင်စုတစ်စု၊ မိသားစုတစ်စုသည်ပင် မိသားစု၏ စားဝတ်နေရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် လူမှုစီးပွားဘဝအဆင်ပြေရေးအတွက် အိမ်ထောင်ဦးစီးနှင့် မိသားစုဝင်များကိုယ်တိုင် ရုန်းကန်ကြိုးပမ်းတည်ဆောက်ကြရပါမည်။ ဆွေမျိုးမိတ်သင်္ဂဟများကမူ အလျဉ်းသင့်မှ ပံ့ပိုးကူညီပေးရုံသာ တတ်နိုင်ပါမည်။

အာရှမှ လက်ရှိထိပ်တန်းရောက်နိုင်ငံကြီးများကို လေ့လာကြည့်လျှင် ဆယ်စုနှစ်များစွာ ကျိုးရုန်းလုပ်ကိုင်ပြီးမှ ယခုအခြေအနေသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ တရုတ်စကားပုံအရ မိုင်ပေါင်းတစ်သန်းကို ခြေတစ်လှမ်းဖြင့် စတင်ခဲ့ကြခြင်း ဖြစ်သည်။

တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ အစပျိုးခဲ့ကြခြင်းဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံမှ ဟွန်ဒေးကုမ္ပဏီကြီးဆိုလျှင် အရှေ့တောင်အာရှအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် ဈေးကွက်အခွင့်အလမ်းများရရှိရန် လမ်းစီမံကိန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် အစပျိုးလုပ်ကိုင်ပြီးမှ ကမ္ဘာကျော် ကုမ္ပဏီကြီးတစ်ခုအဖြစ် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၉၇၈ ခုနှစ်က စီးပွားရေးပြုပြင်ပြောင်းလဲမှုကို စတင်နိုင်ခဲ့သဖြင့် လက်ရှိကာလတွင် ကမ္ဘာ့ဒုတိယစီးပွားရေးအတောင့်တင်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ထိုသို့ အာရှထိပ်တန်းနိုင်ငံကြီးများ၏ တိုးတက်အောင်မြင်မှုကို လေ့လာကြည့်လျှင် နိုင်ငံသားများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် အလုပ်ကြိုးစားလုပ်ကိုင်မှုကလည်း တစ်ကြောင်း ပါဝင်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**ကိုရီးယားတို့က အလုပ်နှင့်ပတ်သက်လျှင် နှာခေါင်းသွေးလျှံထွက်အောင် လုပ်ကြမည်ဟု တင်စားပြောဆိုလေ့ရှိကြသည်။ ဂျပန်တို့ကလည်း အလုပ်နှင့်ပတ်သက်လျှင် နေ့မနား၊ ညမအား လုပ်ကိုင်ပြီး အလုပ်အပေါ် စွဲလန်းမှုကြီးလွန်းလှ၍ အစိုးရက နားရက်တွင် မဖြစ်မနေအနားယူကြရန် တားမြစ်ခဲ့ရသည်။ ရွှေမြန်မာတို့ကမူ အလုပ်နှင့်ပတ်သက်လျှင် လိုအပ်ချက်အချို့ရှိနေဆဲပင်။ အလုပ်ထက် အပျော်အပါးဘက်ကို အားသန်သည်ဟု ဆိုရမည်။**

ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **“ပဒေသာပင် မြေကပေါက်မလာနိုင်ဘူး။ ကျွန်တော်တို့အလုပ်လုပ်မှ ပေါက်မယ်ဆိုတာ ခင်ဗျားတို့နားလည်စေချင်တယ်”**ဟူ၍ လည်းကောင်း၊ **“တိုင်းပြည်ထူထောင်ဖို့ဆိုတာ လွတ်လပ်တဲ့ တိုင်းပြည်ဖြစ်ငြားသော်လည်း အလုပ်လုပ်ရတယ်ဆိုတာ ခင်ဗျားတို့သိစေချင်တယ်”** ဟူ၍လည်းကောင်း။

> **❖ အာရှထိပ်တန်းနိုင်ငံကြီးများ၏ တိုးတက်အောင်မြင်မှုကို လေ့လာကြည့်လျှင် နိုင်ငံသားများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် အလုပ်ကြိုးစားလုပ်ကိုင်မှုကလည်းတစ်ကြောင်း ပါဝင်လျက်ရှိ**
>
> **❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများက များစွာအရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်၍ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်**

**“ကျွန်တော်တို့မှာ သုညကစပြီး အကုန်လုံးပြန်ပြီး အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဖြစ်တော့ တခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျုပ်တို့က ခြေလှမ်း လေးငါးဆယ်လှမ်း လှမ်းမှ နောက် ၁၀ နှစ်၊ ၁၅ နှစ်လောက်ကြာလို့ရှိရင် တန်းတူညီတူ ဖြစ်နိုင်မယ်”**ဟူ၍ လည်းကောင်း မကြာခဏမိန့်ကြားသွားခဲ့ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကလည်း ဧပြီလ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် ကတိသစ္စာပြုပွဲ အခမ်းအနားအပြီးတွင် မီဒီယာများက ပြည်သူများအား မှာကြားလိုသည်ကို မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာ၌ **“တိုင်းပြည်စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေကြရန်နှင့် အလုပ်လုပ်ကြရန် တိုက်တွန်းလိုကြောင်း”** ပြောကြားသွားခဲ့သည်။

တစ်ဖန် နိုင်ငံတော်သမ္မတက ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ **“အဓိကအရေးကြီးသည်မှာ အလုပ်လုပ်ရန်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသွားကြရန်လိုကြောင်း”** စသည်ဖြင့် ပြောကြားသွားခဲ့ပါသည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ဦးတည်ချက် ချမှတ်ထားသည်။ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ပြီး ပြည်ပဝင်ငွေများ ရရှိနိုင်မည်ဖြစ်သည်။ သို့ဖြင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများက များစွာအရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်၍ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်များလိုအပ်ပါသည်။ MSME လုပ်ငန်းများအပိုင်းတွင် ဒေသတွင်းကုန်ကြမ်းများကို အသုံးပြုဆောင်ရွက်သည့် MSME လုပ်ငန်းများက ပြည်ပမှ ကုန်ကြမ်းဝယ်ယူဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများထက် ပိုမိုတိုးတက်လျက်ရှိကြောင်းသိရသည်။ နိုင်ငံတော်ကလည်း MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိသည့်အပြင် လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍတစ်ခုဖြစ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သိပ္ပံကျောင်းများမှ တစ်ဆင့် သင့်တော်သည့်သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် Quick Win များကို ဖော်ဆောင်ပေးနေခြင်း ဖြစ်ပါသည်။

ထို့အတူ မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်စီးပွားရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ လူသားအရင်းအမြစ်များရရှိရန် အခြေခံပညာအလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံ ဘာသာရပ်များသင်ကြားရေးကိုဆောင်ရွက်သွားမည့်အပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ရရှိရေးအတွက်လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိသည်။ ရေအရင်းအမြစ် လုံလောက်စွာရရှိရေးအတွက်မူ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းစီမံကိန်းများ၊ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရမည့် စီမံကိန်းကြီးများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းနီးပါးခန့် နေထိုင်ကြသည့် ကျေးလက်နေ ပြည်သူများအနေဖြင့်လည်း ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာရုံမက ဆင်းရဲမွဲတေမှု ရာခိုင်နှုန်းလည်း လျော့ကျလာမည်ဖြစ်ပါသည်။**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စနစ်တကျဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရုံမက ဒေသစားသုံးမှုကိုပါ ဖူလုံစေပြီး ကုန်ဈေးနှုန်းကျဆင်းရေးကိုလည်း အထောက်အကူပြုစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လုပ်စရာကိုင်စရာအလုပ်များ၊ လုပ်ငန်းများ များစွာရှိပါသည်။ တစ်ဝမ်းတစ်ခါး၊ စားဝတ်နေရေး၊ ဘဝရပ်တည်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများတွင် ပင်ပန်းဆင်းရဲကြီးစွာ သွားရောက်လုပ်ကိုင်စရာမလိုပါ။ ကိုယ့်ရပ်ကိုယ့်ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်ပင် စားဝတ်နေရေးအထိုက်အလျောက် အဆင်ပြေနိုင်ပါသည်။

ထို့အတူ ဒေသနှင့်ကိုက်ညီသည့် သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ရေတ်ကောင်း၊ ကျွဲကောစသည့် ဥယျာဉ်ခြံမြေ ထွက်ကုန်သီးနှံများကို စီးပွားဖြစ် အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဝါ၊ ရော်ဘာစသည့် စက်မှုကုန်ကြမ်းသီးနှံများအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်တိုင် ရုန်းကန်ကြိုးပမ်းတည်ဆောက်ကြရပါမည်။

ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ကတိသစ္စာပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက အမှာစကားပြောကြားရာ၌ **“ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည် ဆိုတဲ့စကားအတိုင်း တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မှာလည်းဖြစ်ပါတယ်”** ဟူ၍ ထည့်သွင်းပြောကြားသွားခဲ့ပါသည်။

ကျွန်တော်သည် ယခုဆောင်းပါးစာစုရေးနေစဉ်အတွင်းမှာပင် မိသားစုဘဝ အခက်အခဲ ကြုံတွေ့လေတိုင်း တိုးတိုးလေးဆိုညည်းလေ့ရှိသည့် ကဗျာစာဆိုပညာရှင်ကြီး ဆရာကြီးထိလာစစ်သူရေးဖွဲ့သီကုံးခဲ့သော **“မည်သူမဆို၊ ကူညီသည် ဖြစ်စေ၊ မည်သူမဆို၊ မကူညီသည်ဖြစ်စေ၊ ကိုယ်ထူကိုယ်ထ၊ ကိုယ့်ဘဝအခြေအနေ၊ ကိုယ့်အားကိုယ်ကိုးမှ၊ ကိုယ်သာသခင်ဖြစ်ပေ၊ ဝန်ထမ်း၊ ရှင်လန်း၊ ပန်းတိုင်ကို အရောက်လျှောက်နိုင်ဖို့လေ၊ လုလင်ငယ်သွေး၊ အားမာန်မွေးရမလေ”** ဆိုသည့် **“လုလင်ငယ်သွေး”** သီချင်းကို အမှတ်ရလာမိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက်လည်း နိုင်ငံသားတိုင်း အားမာန်မွေးကြရပါမည်။ အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်းဖြင့် ရွှေရောင်လွှမ်းသော ရွှေပြည်သစ်ကိုတည်ဆောက်ကြပါစို့။ ။

# အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများသို့ စက်သုံးဆီများ အဆင်ပြေချောမွေ့စွာဖြန့်ဖြူးပေးနိုင်ရေးနှင့် ပြည်တွင်းစက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချမှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၄**

အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသို့ စက်သုံးဆီများ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ပြည်တွင်း စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချမှု အခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် YCTA နှင့် YBS တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနှင့် ကြီးကြပ်မှုအောက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကြီးကြပ်စစ်ဆေးရေး အရာရှိများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအလိုက် စက်သုံးဆီ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနေသကဲ့သို့ မိမိတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေး လုပ်ငန်းစဉ်များသည် တည်ငြိမ်လာခဲ့ပြီး ဈေးနှုန်းများကို မျှတစွာ စီမံဆောင်ရွက် ပေးနိုင်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍများအတွက် စက်သုံးဆီများကို စနစ်တကျ စီမံခန့်ခွဲသွားမည့် အစီအမံများကို ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးပါသည့် YBS ယာဉ်များနှင့် Taxi ယာဉ်များသို့ သဘာဝဓာတ်ငွေ့ (CNG) များကို ၁ ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ဈေးနှုန်းမပြောင်းလဲဘဲ ရောင်းချပေးနေပါကြောင်း၊ ယင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက လွန်စွာသက်သာမှုရှိသည့်အပြင် အာဆီယံနိုင်ငံများထဲတွင် အချိုသာဆုံး ဖြစ်ပါကြောင်း၊ CNG သုံး Taxi ယာဉ်များကို သုံးစွဲခြင်းဖြင့် လောင်စာဆီကုန်ကျမှုမှာ သက်သာမှုရှိသည့်အတွက် CNG သုံး Taxi ယာဉ်များအနေဖြင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးထားသည့် အခွင့်အရေးကို ပြည်သူများ ခံစားခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ YBS ယာဉ်များအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုထားသည့် လမ်းကြောင်းများအတွင်း၌သာမောင်းနှင်၍ ဝန်ဆောင်မှုပေးနိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။



စက်သုံးဆီသယ်ယူဖြန့်ဖြူးမှု ပိုမိုစနစ်တကျဖြစ်စေရေး မျှော်စာထုတ်ပေးရာတွင် Application ရေးဆွဲပြီး QR Code စနစ် အသုံးပြုနိုင်ပြီဖြစ်သဖြင့် စစ်ဆေးရေးဂိတ်များတွင် Scan ဖတ်၍ စစ်ဆေးနေပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆိပ်ကမ်းရှိ သိုလှောင်ကန် စခန်းများတွင် Auto Tank Gauging စနစ်တပ်ဆင်စေပြီး ဆီသယ်ယာဉ်များတွင် GPS တပ်ဆင်စေလျက်ရှိခြင်းတို့ပြီးစီးပါက စက်သုံးဆီတင်သွင်းဖြန့်ဖြူးသည့် စနစ်တစ်ခုလုံးအား Digital စနစ်ဖြင့် ထိန်းချုပ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် စက်သုံးဆီဝယ်ယူတင်သွင်းရမှု များစွာလျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး မြစ်တွင်းသွားရေယာဉ်များအတွက် စက်သုံးဆီဖြန့်ဖြူးပေးရန် စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲပြီးဖြစ်၍ မကြာမီ ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အဓိကဖြစ်ရာ ပြည်သူလူထုကို အကျိုးဖြစ်ထွန်းမှုသာ ပြည်သူလူထု လေးစားအားကိုးယုံကြည်မှုရရှိမည် ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေသည့် ဝန်ထမ်းများ၊ Stakeholder များအနေဖြင့် စေတနာထားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများက တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စက်သုံးဆီသုံးစွဲမှု စနစ်အား ကြပ်မတ်ထိန်းကျောင်းပေးနေမှု၊ မလိုလားအပ်သော နေရာများသို့ စက်သုံးဆီများ ရောက်ရှိမှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၊ ရန်ကုန်စီးတီးတက္ကစီအသင်း (YCTA) နှင့် YBS ခရီးသည်တင်ယာဉ်လိုင်း ကုမ္ပဏီတို့မှ တာဝန်ရှိသူများက အများပြည်သူ သယ်ယူ ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်း၊ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး) စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲတက်ရောက်

**နေပြည်တော် မေ ၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၌ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။





သင်တန်းဖွင့်ပွဲသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတက "မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ကြောင်းကို လမ်းညွှန်မှုပြုထားသဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကာလတိုနှင့် လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီး / ပြည်နယ်များသို့ သွားရောက်လေ့ကျင့်သင်ကြားနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားပေးလိုက်သည့် စက်မှုပညာရပ်များကို လုပ်ငန်းခွင်ဝင်သည့်အချိန်တွင် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်ပြီး စဉ်ဆက်မပြတ်သင်ယူလေ့လာကြရန်၊ ကျရာအခန်းကဏ္ဍမှ နိုင်ငံနှင့် လူမျိုးအတွက် စက်မှုနှင့်ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ စက်မှုအခြေခံကောင်းများမှ တစ်ဆင့် တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်ကြားပေးမည့် စာတွေ့/လက်တွေ့ ဘာသာရပ်များ အောင်မြင်အောင် ကြိုးစားသင်ယူသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် လူငယ်များဖြစ်လာစေရန် ဆန္ဒပြုပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းကျောင်းခန်းမ၌ ဆရာ ဆရာမများကိုတွေ့ဆုံ၍ ဆရာ ဆရာမများအနေဖြင့် မိမိတို့ဘာသာရပ်များအလိုက် နိုင်ငံတကာစံနှုန်းများကို လေ့လာပြီး လက်တွေ့အသုံးချနိုင်မည့်အခြေအနေများကို ပြုစုဖော်ထုတ်သွားကြရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံးတွင် MSME အေဂျင်စီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာ စက်မှုဇုန်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ MSME ကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ၊ ဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တာဝန်ယူပြီး ရက်(၁၀၀)အတွင်း ဆောင်ရွက်သွားမည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာစက်မှုဇုန်ကော်မတီဝင်များက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် ပြောကြားခဲ့သည့် လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လျှပ်စစ်နှင့်ဂဟေသင်တန်းအမှတ်စဉ်(၁၃/၂၀၂၆) သင်တန်းဖွင့်

**ထားဝယ် မေ ၄**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ထားဝယ်)၏ လျှပ်စစ်နှင့်ဂဟေသင်တန်းအမှတ်စဉ် (၁၃/၂၀၂၆)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယခုသင်တန်းကိုတက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏အချိန်နှင့် ငွေတန်ဖိုးများစွာ အကုန်အကျခံကာ ဆောင်ရွက်ပေးသည့် ရည်ရွယ်ချက်နှင့်စေတနာကို နားလည်တုံ့ပြန်သောအားဖြင့် သင်တန်းကာလပြီးဆုံးသည်အထိ တက်ရောက်သင်ယူကြရန်၊ သင်တန်းကျောင်းမှ ချမှတ်ထားသော စည်းကမ်းများကိုလိုက်နာပြီး သင်ကြားပေးသည့် စာတွေ့၊ လက်တွေ့ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်း၊ သင်တန်းနည်းပြဆရာများ၏ သွန်သင်ဆုံးမမှုကို လေးစားစွာလိုက်နာကြရန်၊ သင်တန်းနည်းပြများကလည်း သင်တန်းသားများအား မိမိတို့၏ သွေးရင်းသားချင်း ညီအစ်ကိုများသဖွယ် စေတနာ/ မေတ္တာအပြည့်ထားပြီး ဆုံးမသွန်သင်ပေးရန်၊ စက်မှုလက်မှုအတတ်ပညာများကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်သည်အထိ မငြီးငွေ့မချန် လေ့ကျင့်သင်ကြားပေးရန်၊ လိုအပ်သည်များကို နွေးထွေးစွာ ကူညီစောင့်ရှောက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးပြီး သင်တန်းသားများ၏ အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား ၂၀ လျှပ်စစ်နှင့် ဂဟေဘာသာရပ်တို့ကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး လျှပ်စစ်သင်တန်းတွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် Air-con ပြုပြင်ခြင်းပညာရပ်များ၊ ဂဟေသင်တန်းတွင် လျှပ်စစ်ဂဟေ၊ ဓာတ်ငွေ့ဂဟေပညာရပ်များကို အခြေခံပညာရပ်များသာမက တတ်ကျွမ်းသည်အထိ ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့/လက်တွေ့ လေ့ကျင့်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်

**ပုသိမ် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၁၂)နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလုပ်ဆောင်နေသည့် နယ်မြေများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ပြီဖြစ်သည့်အတွက် အလုပ်အကိုင်ရရှိရေးကို ပိုမိုမြင့်တင် ဖန်တီးဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းစသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း သုံးမျိုးကို သင်ကြားပေးမည်ဖြစ်ပါကြောင်း။

ထို့အပြင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းကို လုပ်ငန်းခွင်အကြို မော်တာစက်နင်းနည်း၊ စက်ချုပ်ဘာသာရပ်၊ လက်မှုဘာသာရပ်များ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် ဘဝအတွက်ပါ အာမခံချက်အပြည့်အဝပေးနိုင်သည့် ပညာရပ်များဖြစ်သည့်အတွက် အထူးကြိုးစားသင်ယူကြရန် မှာကြားလိုကြောင်းပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ခင်းကျင်းပြသထားသော သင်တန်းသုံးသင်ကြားရေး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)တွင်ပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အထွေထွေအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများ၊ သုံးဘီးယာဉ်များကို စုရပ်များ၊ ဂိတ်များသတ်မှတ်၍ တူညီဝတ်စုံ ဝတ်ဆင်မောင်းနှင်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ တက်ရောက်

**အောင်ပန်း မေ ၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(အောင်ပန်း) အိပ်ခန်းဆောင်သင်တန်း၊ ဧည့်ကြိုသင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်းအမှတ်စဉ်(၇)ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စက်မှုလက်မှု လုပ်ငန်းများနှင့် ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးရည်ရွယ်၍ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို အမှတ်စဉ် (၁) မှ အမှတ်စဉ် (၆) အထိ သင်တန်းသား ၄၁၅ ဦးအား သင်တန်းဆင်းပေးနိုင်ခဲ့ပြီး ၂၂၁ ဦးသည် သင်တန်းမှသင်ကြားပေးလိုက်သော အတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း၊ ယခုသင်တန်းသည် သင်တန်းကာလ ၂၂ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးစီးအောင် တက်ရောက်သင်ကြားမှသာလျှင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရပ်များ တတ်မြောက်မည်ဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းစည်းကမ်းများ လိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး သင်တန်းတွင် လက်တွေ့အသုံးချမည့် အိပ်ခန်းဆောင်ထိန်းသိမ်းရေး၊ အစားအစာနှင့် အဖျော်ယမကာတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် လျှပ်စစ်ဘာသာရပ်၊ ဖုန်းပြင်ဘာသာရပ်နှင့် မော်တော်ယာဉ်အင်ဂျင်ပိုင်း၊ အောက်ပိုင်းပြုပြင်သည့်နေရာတို့ကို လှည့်လည်ကြည့်ရှုပြီး**(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲသို့တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ခနုံ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ အရှေ့ပိုင်း) ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ၊ လယ်ယာ ကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး၊ တောင်ကြီး၊ ကလော၊ လွိုင်လင်၊ နမ့်စန်၊ မိုင်းရှူး၊ လင်းခေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ် စီမံကိန်းဦးစီးမှူးက ရှမ်းပြည်နယ်၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ဆွေးနွေးသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျေးလက်ဒေသနေ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်



တောင်ငူ မေ ၄

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင်အတွင်းရှိ ကျေးလက်ဒေသနေ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု၌ လုပ်ငန်းရှင် ဦးပြုံးချို၏ ဂျပန်နိုင်ငံနည်းပညာဖြင့် ကြံမြှုပ်ချေး၊ ကြံမြှုပ်ပြာ၊ ကြက်ချေး၊ နွားချေး၊ မြေပဲခွံ၊ မြေဝမှုန့်၊ အရိုးမှုန့်၊ လချေးမှုန့်၊ ဂျစ်ပဆန်၊ ငါးအမိုင်နို၊ အီးအမ် ဘိုကာချီနှင့် ထရိုင်ကိုဒါးမာတို့အား နည်းစနစ်တကျ ရောစပ်၍ Benefit အမှတ်တံဆိပ်ဖြင့် သဘာဝမြေဩဇာ အောင်မြင်စွာ ထုတ်လုပ်ဖြန့်ဖြူးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၇၁-ခ)ရှိ ရေကြီးရေနက်ကွင်းများအား ရေတော်မိုးတော်လယ်မြေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကုလားရိုးချောင်း အရှည်ပေ ၄၅၀၀ ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာနှစ်အလိုက် ရေကြီးရေနက်ကွင်းများမှ လယ်မြေများကို ရေတော်မိုးတော်လယ်မြေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းစိစစ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝမြေဩဇာများအား ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲသွားရန်နှင့် လယ်မြေများကို မြေဆီဩဇာကြွယ်ဝစေရေး သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်စိုက်ပျိုးသုံးစွဲရန်မှာကြားပြီး တောင်သူသရုပ်ပြ လယ်ကန်သင်းပေါင်တင်သဘာဝမြေဩဇာပြုလုပ်ခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ရေဆင်းပေါ်ဆန်း(၁) မျိုးစေ့ထုတ်စိုက်ခင်း ၂၅ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် တစ်ကွင်းတစ်ဆက်တည်း ထိုင်းနံ့ကောက်မျိုး နွေစပါးရိတ်သိမ်းနေမှုကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ကုက္ကိုသီးကို အခြေခံထုတ်လုပ်ထားသည့် ရွက်ဖျန်းအားဆေးရည်၊ ဆန်ဆေးရည်ကို အခြေခံထုတ်လုပ်ထားသည့် ရွက်ဖျန်းအားဆေးရည်၊ ဆေးရွက်ကြီးကို အခြေခံထုတ်လုပ်ထားသည့် ပိုးသတ်ဆေးရည်၊ ငါးအမိုင်နိုအက်စစ်ကိုအခြေခံ ထုတ်လုပ်ထားသည့် အပင်အားတိုးဆေးရည်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းကို အခြေခံထုတ်လုပ်ထားသည့် သဘာဝရွက်ဖျန်းမြေဩဇာ၊ ငရုတ်သီးကိုအခြေခံထုတ်လုပ်ထားသည့် ပိုးသတ်ဆေးရည်နှင့် ကြက်သွန်ဖြူကို အခြေခံထုတ်လုပ်ထားသည့် ပိုးသတ်ဆေးရည်တို့ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများ အလွယ်တကူ ပြုလုပ်တတ်စေရေးနှင့် လွယ်ကူရိုးရှင်းသော အသုံးအနှုန်း အချိန်အတွယ်များဖြင့် သင်ကြားပြသရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သစ်တောဦးစီးဌာန၏ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းနှင့် တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်း၏ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ ထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၄**

သစ်တောဦးစီးဌာန၏ “ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၅- ၂၀၃၆ ဘဏ္ဍာနှစ်အထိ)” နှင့် “တနင်္သာရီသဘာဝ ကြိုးဝိုင်းစီမံကိန်း(TNRP)၏ ဆဋ္ဌမ လေးနှစ်တာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (OMP VI)” ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ပြီး တိုင်းဒေသကြီး/ပြည်နယ် /ခရိုင်တာဝန်ခံများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

**တရားဝင်ထုတ်ပြန်ခြင်းဖြစ်**

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက “မြန်မာနိုင်ငံ၏ အဖိုးမဖြတ်နိုင်သော သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ၁၉၉၆-၁၉၉၇ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ပထမနှစ် ၃၀ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ၁၀ နှစ်တစ်ကြိမ် အဆင့်ဆင့် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး မြန်မာ့သစ်တောများကို စီမံအုပ်ချုပ်ခဲ့ကြောင်း၊ ယခု တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ သစ်တောခရိုင် ၇၁ ခရိုင်၏ ဒုတိယနှစ် ၃၀ ၏ ပထမ ၁၀ နှစ်ဖြစ်သော ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၂၆-၂၀၂၇ မှ ၂၀၃၅-၂၀၃၆ အထိ)” နှင့် “တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ ဆဋ္ဌမ လေးနှစ်တာအုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (OMP VI)” တို့ကို ရေးဆွဲပြီးစီးပြီဖြစ်၍ ယနေ့တွင် တရားဝင်ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း။

ခရိုင်သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းများကို ပြင်ဆင်ရေးဆွဲရာတွင် ယခင်စီမံကိန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဆန်းစစ်ပြီး ပြောင်းလဲလာသည့်အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေခံမှုများနှင့်အညီ ရေးဆွဲထားကြောင်း၊ ထိုသို့ရေးဆွဲပြုစုရာတွင် ဦးတည်ချက်(၇)ရပ်၊ ရည်ရွယ်ချက် (၂)ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ (Public-Private Partnership) ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ဖြစ်သော တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းအတွက် ဆဋ္ဌမ လေးနှစ်တာစီမံချက် (၂၀၂၆-၂၀၃၀) ကိုလည်း စတင်အကောင်အထည်ဖော်နိုင်ရန် တစ်ပါတည်းထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ ယခုထုတ်ပြန်လိုက်သော စီမံကိန်းများသည် မြန်မာ့သစ်တောများကို နောင်လာနောက်သားများအတွက် အမွေအနှစ်အဖြစ်ကျန်ရှိစေမည့် အသက်သွေးကြောများဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက အလေးထားလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း နှင့် တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးသည် စီမံကိန်းများမှ ခင်းကျင်းပြသထားသော စီမံကိန်းဆိုင်ရာ ပိုစတာများနှင့် စာအုပ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက စီမံကိန်းရေးဆွဲရာတွင် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ၏ သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုဖိုရမ်ကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများနှင့် သက်ဆိုင်ရာ ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးများက အနာဂတ်သစ်တောစီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၆ ခုနှစ် မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# ဘေးအန္တရာယ်များ ကျရောက်လာတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကူညီနေသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

**မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ရောင်ခြည်သန်းချိန်၊ ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့။ လွန်ခဲ့သော နှစ်ပေါင်း (၈၀) ကာလ ရန်ကုန်မြို့၌ ကျင်းပသည့် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးညီလာခံကြီးမှတစ်ဆင့် မြန်မာနိုင်ငံ၏ မီးသတ်တပ်ဖွဲ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော နေ့တစ်နေ့ ပေါ်ပေါက်ခဲ့သည်။**

*အောင်မျိုးထွန်း*

ထိုနေ့တွင် အကွဲကွဲအပြားပြားဖြစ်နေသော စေတနာ့ဝန်ထမ်း အပျော်တမ်း မီးသတ်တပ်ဖွဲ့များကို စုစည်း၍ တစ်ခုတည်းသော ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးကို ပထမဆုံးဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ မီးသတ်တပ်ဖွဲ့များ ပထမဆုံးအကြိမ် ညီညာစွာ စုရုံးနိုင်ခဲ့သည့် ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မေလ ၅ ရက်နေ့ကို "မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့"အဖြစ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် နှစ်(၈၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၈၀ ဟုဆိုသော်လည်း ပဒေသရာဇ်ခေတ် မြန်မာဘုရင်များလက်ထက်တော်တွင် မီးကပ်သား၊ မီးဆော် အစရှိသည့် မင်းမှုထမ်းများအဖြစ်လည်းကောင်း၊ နောင်ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့၊ မြူနီစီပယ်မီးသတ်တပ်ဖွဲ့၊ မျိုးချစ်အပျော်တမ်း မီးသတ်တပ်ဖွဲ့များ၊ ယနေ့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အစရှိသည့် အမည်နာမအမျိုးမျိုးတို့ဖြင့် ယနေ့အချိန်အထိ ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်လာခဲ့ကြသည့် ပရဟိတစိတ်ကို အခြေခံသော အဖွဲ့အစည်းကြီးအဖြစ် မြင်တွေ့လာခဲ့ရသည်။



မီးလောင်မှုတစ်ခုတွင် မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

### မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အင်အားများ ဆက်လက်တိုးချဲ့

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် စွမ်းရည်လေးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ရေးရပြီး ခေတ်မှစ၍ မီးဘေးလုံခြုံရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် အဘက်ဘက်သော လိုအပ်ချက်များတွင် ပါဝင်ကူညီဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံနှင့် အင်အားများကို ဆက်လက်တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ်လအထိ အရာထမ်းတပ်ဖွဲ့ဝင်အင်အား ၆၅၁ ဦး၊ အမှုထမ်း မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၃၇၅၈ ဦးအထိ တိုးချဲ့ဖွဲ့စည်းထားနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အားများကိုလည်း ထပ်မံတိုးချဲ့လာနိုင်ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၈၈၀၃၀ အထိရှိခဲ့သည့်အပြင် စက်ရုံ/အလုပ်ရုံ၊ လုပ်ငန်းများ မီးဘေးလုံခြုံရေးအတွက် ဖွဲ့စည်းထားရှိသည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အင်အား ၁၉၁၀၅ ဦးအထိ တိုးချဲ့နိုင်ခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့် နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို မျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power၊ Equipment Power နှင့် Technical Power တို့ကို ဟန်ချက်ညီညီ တည်ဆောက်လျက်ရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**" မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့် နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို မျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power၊ Equipment Power နှင့် Technical Power တို့ကို ဟန်ချက်ညီညီ တည်ဆောက်လျက်ရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင် ဆောင်ရွက်လျက်ရှိ "**

ထို့အတူ Equipment Power နှင့် Technical Power တို့ကို ဟန်ချက်ညီဖြစ်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ မီးသတ်ရေသယ်ယာဉ် လေးစီး၊ မီးသတ်စက်ယာဉ်နှစ်စီး၊ မီးသတ်အထောက်အကူပြုယာဉ် ငါးစီး စုစုပေါင်း မီးသတ်ယာဉ် ၃၅ စီးတို့အား ထပ်မံတိုးချဲ့ရရှိခဲ့ပြီဖြစ်သဖြင့် လက်ရှိတွင် နိုင်ငံတကာအဆင့်မီ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ အပါအဝင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ မီးငြိမ်းသတ်ယာဉ် ၁၉၂၆ စီး၊ မီးသတ် ရေသယ်ယာဉ် ၁၂၁၉ စီး၊ မီးသတ်စက်ယာဉ် ၃၀၉ စီး၊ မီးသတ်အထောက်အကူပြုယာဉ် ၃၄၃ စီး စုစုပေါင်း မီးသတ်ယာဉ် ၃၇၉၇ စီးအထိ ဖြည့်တင်းထားနိုင်ခဲ့ပြီဖြစ်သည်။

### နိုင်ငံတကာအဆင့်မီ ရှာဖွေကယ်ဆယ်ရေးအဖွဲ့သို့

မီးသတ်ဦးစီးဌာန၏ အထင်ရှားဆုံးခြေလှမ်းမှာ အင်အားပြင်းမန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် ပြိုကျနေသည့် အဆောက်အအုံများအတွင်း ပိတ်မိ/ပိမိသူများအား နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းရှာဖွေကယ်ဆယ်ဆောင်ရွက်ရာ၌ တွေ့ရှိခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်၍ မီးသတ်ဦးစီးဌာနအနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (National Search and Rescue Team) နှစ်ဖွဲ့အား ဖွဲ့စည်း၍ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Urban Search and Rescue Team)များအဖြစ် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းသုံးလိုအပ်ချက်များအား ဖြည့်ဆည်းကာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)နှင့် မီးသတ်ဦးစီးဌာန နေပြည်တော်တို့တွင် အင်အား ၄၂ ဦးစီဖြင့် Medium Team အဆင့်ရှိ USAR Team နှစ်ဖွဲ့တို့အား ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Urban Search and Rescue Team) အတွက် လိုအပ်သည့် ဆရာဝန်/သူနာပြုများကိုလည်း ခန့်ထားဆောင်ရွက်နိုင်ခဲ့သကဲ့သို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)တွင် ရှာဖွေရေးခွေး (Canine) ၁၀ ကောင်အား မွေးမြူထားရှိပြီး ရှာဖွေရေးနည်းစနစ်များ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ (INSARAG)၏ အသိအမှတ်ပြု Medium အဆင့်ရှိ အဖွဲ့ နှစ်ဖွဲ့ ပေါ်ထွန်းလာစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ယင်းအတွက် ရှာဖွေရေးခွေးများ၊ အဆင့်မြင့် အရေးပေါ်ဆက်သွယ်ရေးစနစ်များနှင့် ခေတ်မီစက်ကိရိယာများကို ဖြည့်တင်းလျက်ရှိရုံသာမက တရုတ်၊ စင်ကာပူနှင့် လာအို အစရှိသည့် နိုင်ငံများသို့ ကိုယ်စားလှယ် ၃၀ ကို စေလွှတ်ကာ ပညာရပ်ဖလှယ်နိုင်ခဲ့သည်။

အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုတွင်လည်း တပ်မတော်ဆေးရုံများမှ ကျွမ်းကျင်နည်းပြများဖြင့် Vital Signs စမ်းသပ်ခြင်းမှအစ Air Way Support အထိ နိုင်ငံတကာစံနှုန်းမီ သင်ကြားလေ့ကျင့်ပေးနေပြီဖြစ်ပါသည်။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (National Urban Search and Rescue Team) အား နိုင်ငံတကာအဆင့်မီ ကမ္ဘာ့ကုလသမဂ္ဂ အသိအမှတ်ပြု (International Search and Rescue Advisory Group–INSARAG) ၏ Medium Team အဆင့်အဖြစ် သတ်မှတ်နိုင်ရေးအတွက် INSARAG External Classification–IEC လုပ်ငန်းစဉ်အား လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

### သဘာဝဘေးဒဏ်ကြားက ပြန်လည်ထူထောင်ရေး

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဌာနပိုင်အဆောက်အအုံ ၁၄၈ လုံး ထိခိုက်ပျက်စီးခဲ့ရာတွင် နေပြည်တော်အတွင်းရှိ အဆောက်အအုံ ၆၄ လုံး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပျက်စီးမှုများကို ဘဏ္ဍာနှစ်အလိုက် အပြည့်အဝပြုပြင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ အလားတူပင် အခြားဘေးအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မီးသတ်စခန်း ခြောက်ခု၊ နေအိမ် ကိုးလုံးနှင့် မီးသတ်ယာဉ်များအတွက်လည်း ထိရောက်သော တုံ့ပြန်မှုများနှင့် ပြန်လည်စုဖွဲ့မှုများကို လုပ်ဆောင်နိုင်ခဲ့သည်။

### တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်မြှင့်တင်ရေးနှင့် လူမှုဘဝ သာယာရေး

တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်မြင့်မားစေရန်နှင့် စည်းကမ်းကောင်းမွန်စေရန်အတွက် ၂၀၂၅ ခုနှစ်အတွင်း ဆွေးနွေးပွဲပေါင်း ၇၄၆၉၆ ကြိမ် ကျင်းပခဲ့သည်။ ထို့အတူ အရာထမ်း ၇၄ ဦးနှင့် အမှုထမ်း ၁၀၆၄ ဦးအား ရာထူးတိုးမြှင့်ပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသူများအား ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများက ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ ၁၉၄၆ ခုနှစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၈၀ အတွင်း ဝဏ္ဏကျော်ထင်ဘွဲ့ ငါးဦး၊ သရေစည်သူဘွဲ့ တစ်ဦး၊

*စာမျက်နှာ ၁၁ သို့*



## လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်

**ဟားခါး မေ ၄**

ချင်းပြည်နယ် လွှတ်တော်ရုံး၌ လုံခြုံရေးဆောင်ရွက်ပေးနေသော တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် ကော်ဖီမစ် စသည့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ဟားခါးမြို့ရှိ ပြည်နယ် လွှတ်တော်ရုံးရှေ့၌ ကျင်းပသည်။

**အားပေးစကားပြောကြား**

ထောက်ပံ့ ပေးအပ်ပွဲတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ပြည်နယ်လွှတ်တော်ရုံး၌ လုံခြုံရေး ဆောင်ရွက်ပေးနေသော တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီနှင့် ကော်ဖီမစ်များပေးအပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မီးသတ်ရဲဘော်

❖ မီးသတ်ရဲဘော်
ပျော်ပါရဲ့လား၊
ပျော်ပါတယ် လူအများကို
ကူညီဖို့သွား။

❖ မီးသတ်ရဲဘော်
ပျော်ပါရဲ့လား၊
ပျော်ပါတယ် ပြည်သူများတွက်
ဆောင်ရွက်စွန့်စား။

❖ မီးသတ်ရဲဘော်
ပျော်ပါရဲ့လား၊
ပျော်ပါတယ် နိုးကြားကြလို့
ကြိုးစားစို့လား။

❖ မီးသတ်ရဲဘော်
သတိထပ်မြဲသော်
ကြည့်မပြတ်လည်းတော်
ကူညီပျော်စွာ အမြဲသာ၊
ပြည်သူဒုက္ခ ဝေးစေရာ၊
နွေမိုးဆောင်းမှာ ရှိနေတာ။ ။

*တက္ကသိုလ်ရည်ရွယ်*

*စာမျက်နှာ ၁၀ မှ*

သီဟဗလတံဆိပ် သုံးဦး၊ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေရရှိသူ လေးဦး၊ ပြည်ထောင်စုငွေတံဆိပ်ရရှိသူ တစ်ဦး၊ လွတ်လပ်ရေးမော်ကွန်း ဒုတိယအဆင့်ရရှိသူ သုံးဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ခြောက်ဦး၊ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအနေဖြင့် ရဲသီဟ တစ်ဦး၊ ရဲသူရ ၁၈ ဦး၊ ရဲဗလ ၆၈ ဦး ရရှိခဲ့ပြီး စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအနေဖြင့် ရဲသူရိန် ၇၅ ဦး၊ ရဲကျော်စွာ ၇၉ ဦး၊ ရဲကျော်သူ ၇၁ ဦး ရရှိခဲ့သည်။

လူမှုထူးချွန်တံဆိပ်များအနေဖြင့် လူမှုထူးချွန် ပထမအဆင့် ၁၂ ဦး၊ ဒုတိယအဆင့် ၁၁ ဦးနှင့် တတိယအဆင့် ၁၅၆ ဦး၊ စီမံထူးချွန်တံဆိပ်များအနေဖြင့် စီမံထူးချွန် ပထမအဆင့် ခြောက်ဦး၊ ဒုတိယအဆင့် ရှစ်ဦး၊ တတိယအဆင့် ၁၂ ဦးရရှိခဲ့ပြီး စက်မှုထူးချွန်အနေဖြင့် စက်မှုထူးချွန် ဒုတိယအဆင့် နှစ်ဦးနှင့် တတိယအဆင့် ရှစ်ဦး ရရှိထားပြီးဖြစ်ရာ နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်ခဲ့သည့် ဘွဲ့တံဆိပ်နှင့်ဂုဏ်ထူးဆောင်တံဆိပ်ရရှိခဲ့သူ မီးသတ်တပ်ဖွဲ့ဝင်ပေါင်း နှစ်ပေါင်း ၈၀ အတွင်း ၅၅၀ အထိ ပေါ်ထွန်းခဲ့ပါကြောင်း သိရသည်။

### ပြည်သူ့အကျိုးရှေးရှုပေး မီးဘေးလုံခြုံရေး

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏မှတ်တမ်းများအရ ၂၀၂၅ ခုနှစ် တစ်နှစ်တည်း အတွင်းမှာပင် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုကဏ္ဍတွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး ၁၀၁၈၅ ကြိမ်၊ ရပ်ရွာအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ် (Community Base Fire Safety Education Program) ၁၄၇၄၅ ကြိမ်၊ တစ်အိမ်တက်ဆင်းစနစ်ဖြင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ၈၃၁၂၆၉ ကြိမ်၊ ဟိုတယ်/ မိုတယ် မီးဘေးကြိုတင်ကာကွယ်ရေး ၁၄၆၄ ကြိမ်၊ စက်ရုံ/ အလုပ်ရုံ မီးဘေးကြိုတင်ကာကွယ်ရေး ၅၈၉၄ ကြိမ်နှင့် ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ၄၅၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၀၈၆ ကြိမ် ဖြစ်ပွားခဲ့ရာ နေအိမ်/ အဆောက်အအုံ ၄၀၈၉ လုံး၊ စက်ရုံ/အလုပ်ရုံ ၁၁ လုံး၊ ဂိုဒေါင် ၄၂လုံး မီးလောင်ခံရ၍ ကျပ်သန်း ၉၀၁၁၈ ဒသမ ၅၆၆ ခန့် ဆုံးရှုံးခဲ့ပြီး ၈၆ ဦး သေဆုံး၊ ၁၃၀ ဒဏ်ရာရ၊ ၉၉၃၉ ဦး မီးဘေးသင့်ခဲ့သည်။ အဆိုပါ ဆုံးရှုံးမှုများကို လျှော့ချရန်မှာ ပြည်သူတစ်ရပ်လုံးက ၂၀၂၀ စံချိန်စံညွှန်းများကို လိုက်နာမှုအပေါ်တွင် များစွာမူတည်နေသဖြင့် မီးသတ်တပ်ဖွဲ့တစ်ခုတည်းကသာမက ပြည်သူအားလုံးပါဝင်သည့် မီးဘေးလုံခြုံရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ နိုင်ငံတော်တစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်အပါအဝင် အခြား မတော်တဆမှုဖြစ်စဉ် ၁၃၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၃၃၂ ဦး ဒဏ်ရာရရှိခဲ့ကာ ၆၉၃ ဦး သေဆုံးခဲ့မှုအား မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်သန္နေ ၁၆၇၈၁ ဦး၊ အရန် ၅၁၉၆ ဦးတို့မှ ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုမှုအနေဖြင့်လည်း မီးသတ်ဦးစီးဌာနအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် မီးသတ်ဦးစီးမှူးရုံးများမှ အထပ်မြင့် ဆောက်လုပ်ပြီး အဆောက်အအုံများ စစ်ဆေးပေးရန် လျှောက်ထားမှု ၄၉၈၆ လုံးရှိပြီး မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် ၂၄၉၆ စောင် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

### ပြည်သူတိုင်း သိထားရမည့် အသက်ကယ် "ရွှေစည်းမျဉ်း"များ

မီးသတ်ဦးစီးဌာနမှ ၃၁-၁၂-၂၀၂၀ ရက်နေ့က အတည်ပြုထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) (Myanmar Fire Safety Code 2020 )သည် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လည်းကောင်း၊ လက်ရှိနေထိုင်ရာတွင် လည်းကောင်း မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့် "ရွှေစည်းမျဉ်း"များဖြစ်သည်။

ပြည်သူများအနေဖြင့် အဆောက်အအုံတိုင်းတွင် အရေးပေါ်ထွက်ပေါက် (Emergency Exit)များ အတားအဆီးမရှိဘဲ အမြဲပွင့်နေရမည်။ အထပ်မြင့်များတွင် မီးသတ်လှေကားများ စံနှုန်းမီတပ်ဆင်ထားရမည်။ မီးခိုးငွေ့နှင့်အပူကို သိရှိနိုင်သော (Smoke/ Heat Detector)များ စသည့်မီးဘေးအချက်ပေးစနစ်(Fire Alarm System)များ တပ်ဆင်ထားခြင်းဖြင့် မီးမလောင်မီ ကြိုတင်သိရှိနိုင်ရန် ဆောင်ရွက်ရမည်။ မီးငြိမ်းသတ်ရေးပစ္စည်းများ (Fire Fighting Equipment)ဖြစ်သည့် မီးသတ်ဆေးဘူးများအား သက်တမ်းမကုန်စေဘဲ ထင်ရှားသောနေရာတွင် ထားရှိရမည်။

အဆောက်အအုံကြီးများတွင် Hose Reel နှင့် Sprinkler စနစ်များ စနစ်တကျရှိရမည်။ ဒီဇိုင်းစံနှုန်း (Fire Safety Design)အနေဖြင့် အဆောက်အအုံတစ်ခုကို စတင်ဒီဇိုင်းဆွဲကတည်းက မီးလောင်လျှင် ကူးစက်မှုနှေးကွေးစေမည့် (Fire Compartmentation)စနစ်များကို ထည့်သွင်းစဉ်းစားရမည်။ အဆိုပါ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်နိုင်မှသာလျှင် ပြည်သူအားလုံး ပါဝင်သည့် မီးဘေးလုံခြုံမှုစနစ်ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### နည်းပညာခေတ်နှင့်အညီ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသည့် ဘေးဒုက္ခအန္တရာယ်များအား IT နည်းပညာကို အသုံးပြု၍ မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံနိုင်ရန်၊ ရရှိလာသည့် သတင်းပေးပို့ချက်များအား မီးသတ်ဦးစီးဌာနမှ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်တို့အတွက် ရည်ရွယ်၍ 191 report & Dispatch Order System ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန်ကြီး ၄ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် နေ့စဉ်ဖြစ်ပွားလျက်ရှိသော မီးလောင်မှုသတင်းများ၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှုသတင်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာသတင်းများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ သတင်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများနှင့် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်မှုသတင်းများအား ပြည်သူများမှန်ကန်သော သတင်းအချက်အလက်များ သိရှိစေရေးအတွက် လူမှုကွန်ရက်များဖြစ်သော Facebook၊ Twitter၊ Youtube နှင့် Website တို့မှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့ပြင် ပြည်တွင်းမီဒီယာများနှင့် ပြည်သူများမှ ဆက်သွယ်မေးမြန်းလာသည့်ကိစ္စရပ်များအား မီးသတ်ဦးစီးဌာန၏ မီဒီယာအဖွဲ့က စိစစ်၍ ပြန်လည်ဖြေကြား ဆောင်ရွက်ပေးလျက်ရှိသဖြင့် မီဒီယာခေတ်ရေစီးနှင့်အတူ သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည် ၄ ရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေး စွမ်းရည်ထက်မြက်စေရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း၊ မီးသတ်စက်/ ယာဉ်နှင့် ပစ္စည်းကိရိယာများ၊ မွမ်းမံရေး၊ ကြံ့ခိုင်ရေး၊ အသင့်ရှိရေးလုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံးယာဉ်နှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများ မွမ်းမံရေး၊ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေးလုပ်ငန်း၊ ပြည်သူလူထုအား မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး အသိပညာပေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ရေးလုပ်ငန်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေးလုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲမှုနည်းစနစ်များ၊ မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များအား အစဉ်အမြဲသုတေသနပြုလုပ်ဖော်ထုတ်၍ တပ်ဖွဲ့ဝင်များအားလုံး တတ်ကျွမ်းနားလည်စေရန် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရသကဲ့သို့ မီးသတ်တပ်ဖွဲ့အား နိုင်ငံတော်၏ ခိုင်မာသောအရန်အင်အားဖြစ်စေရေးအတွက် လေ့ကျင့်ဖွဲ့စည်း၍ စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနသည် ဘေးအန္တရာယ်များ ကျရောက်လာတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုနှင့်အတူ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မှသည် ပြည်သူ့အကျိုးပြု ပရဟိတအဖွဲ့အစည်းကြီးအဖြစ် အစွန့်ရှည်ကြာစွာ ရပ်တည်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း မီးသတ်သူရဲကောင်းများအား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့အဝင် ပြည်ထောင်စုလမ်းမကြီးဘေး စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး စစ်ဆေး

**မြစ်ကြီးနား မေ ၄**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းက မြို့အဝင် ပြည်ထောင်စုလမ်းမကြီးနှင့် Polytechnic University အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုလမ်းမကြီးဘေးရှိ Welcome to Myitkyina ဆိုင်းဘုတ်နှင့် မေခပန်းဥယျာဉ်နေရာ၌ သန့်ရှင်းသာယာလှပရေးနှင့် ပန်းပင်များ ဝေဆာစွာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော မလိခဥယျာဉ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မြို့သစ်ကြီးရေနုတ်မြောင်းကို တာပေါင်မြှင့်ခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်းရှင်းလင်း၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဥယျာဉ်အတွင်းရှိ ဈေးဆိုင်များ စနစ်တကျနေရာချထားပေးနိုင်ရေး၊ ပိုမိုသန့်ရှင်းလှပစေရေး စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ယခင်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခဲ့သည့် အရိပ်ရအပင်ကြီးအမျိုးအစား သစ်ပင်များ ပြုစုထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် ယခုနှစ် အဆိုပါလမ်းမကြီးတစ်လျှောက် မော်ဖောင်းကျေးရွာအဝင်အထိ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Polytechnic University (မြစ်ကြီးနား) ဝင်းအတွင်း ပြည်နယ်သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်အတွက် အရိပ်ရအပင်ကြီးများဖြစ်သည့် ပျိုးပင် ၁၅၀၀ စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကျောင်းသား ကျောင်းသူများ အပန်းဖြေအနားယူနိုင်ရေးနှင့် ကိုယ်ကာယလေ့ကျင့်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည့်နေရာကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု မော်တောင်းကျေးရွာ၌ နယ်မြေအခြေအနေအရ တနိုင်းမြို့နယ် အောင်လောဒ်၊ ဆွတ်ရာ၊ ဆွတ်ရိန်ကျေးရွာများနှင့် ဖားကန့်မြို့နယ် ဆိုင်းဖရာကျေးရွာတို့မှ ယာယီတိမ်းရှောင်လာကြသော အိမ်ထောင်စုများနှင့် ဆိုင်းဖရာစခန်းရှိခန်းမ၌ ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂျော်မဆတ်စခန်းနှင့် ဆိုင်းဖရာစခန်းတို့မှ အိမ်ထောင်စု ၂၂၅ စုတို့အတွက် စုစုပေါင်းငွေကျပ် ၁၆၀၀၀၀၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါအိတ် ၂၀၀ ကို ထောက်ပံ့ပေးအပ်ကြပြီး အိမ်ထောင်စုများကိုယ်စား စခန်းတာဝန်ရှိသူတစ်ဦးက လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များကို တင်ပြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တိုးချဲ့အဆောင်သစ်များနှင့် စာဖတ်ဆောင်အတွက် ဝါးဝယ်ယူနိုင်ရေး ငွေကျပ် ၅၄ သိန်းကို ထောက်ပံ့ပေးအပ်ကာ နေရပ်ပြန်လည်နေထိုင်နိုင်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းမှုရှိစေရေး မိမိတို့အစိုးရအဖွဲ့နှင့်အတူ ဝိုင်းဝန်းကြိုးစားကြရန်လိုကြောင်း ပြောကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများအလိုက် ဆက်လက်လေ့ကျင့်သင်ကြား

**နေပြည်တော် မေ ၄**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၇ ရက်က သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံစစ်ရေးပြ၊ တပ်မတော်(ရေ) သမိုင်းဘာသာရပ်နှင့် ရေကြောင်းလမ်းညွှန်ဘာသာရပ်၊ နက္ခတ္တဗေဒသင်ခန်းစာ၊ ညွှန်းထောင့်နှင့် Compass သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ (၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၀၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကျွန်းစုမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၃ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



သင်တန်းသား သင်တန်းသူများအား သင်ခန်းစာများ လေ့ကျင့်သင်ကြားပေးစဉ်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်း သင်တန်းသား ၁၀၄၄ ဦးဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၄ ဦးအားလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ အားလည်းကောင်း၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀ အားလည်းကောင်း၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ အားလည်းကောင်း၊ ဟုမ္မလင်းမြို့ရှိ ဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀ အားလည်းကောင်း၊ နေပြည်တော်မြို့ရှိ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ အားလည်းကောင်း အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်း ဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်း အသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မအူပင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်

**မအူပင် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အသားကဏ္ဍစားသုံးမှုဖူလုံစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍတိုးတက်လာစေရန် ရက် (၁၀၀) စီမံချက်အနေဖြင့် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း လုပ်ငန်းစဉ် ခုနစ်ရပ်ကို အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်များတွင် စီးပွားဖြစ် မွေးမြူရေးခြံစာရင်း ကောက်ယူခြင်း၊ ဇီဝဖိုးငှက်မွေးမြူမှု စာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်သုံးဆေးနှင့် အစာဆိုင်စာရင်းကောက်ယူခြင်း၊ ကျွဲ၊ နွား ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်းနှင့် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ပါဝင်သည်။

အဆိုပါလုပ်ငန်းစဉ်များအနက် ကျွဲနွားရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းပေးခြင်းတို့အား မေ ၃ ရက်တွင် မအူပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မျိုးမင်းနှင့် ဝန်ထမ်းများက ကျွဲဒုံးကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ကျုံတနော်ကျေးရွာတို့တွင် ကျွဲနွားကောင်ရေ ၁၄၀ ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ဝက်မွေးမြူရေးခြံ ၁၀ ခြံကို နမူနာပြပိုးသတ်ဆေးဖျန်းပေးခြင်းနှင့် ခြံဖျန်းပိုးသတ်ဆေးများဖြန့်ဝေပေးခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ညွှ်၊ ပြု ကတ်ပြားများကို Online တွင် ကြော်ငြာ၍ စာရွက်စာတမ်းအတုများ ထုတ်ပေးလျက်ရှိသဖြင့် ပွဲစားများ၊ အကောင့်အတု(Fake Account) များနှင့် လုံးဝဆက်သွယ်ခြင်းမပြုရန် အများပြည်သူသို့ အသိပေးကြေညာ

နေပြည်တော် မေ ၄

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက် လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် အသက်(၁၈)နှစ် ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့်နိုင်ငံသားများအား သက်ဆိုင်ရာလဝကရုံးများတွင်လည်းကောင်း၊ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာစာသင်ကျောင်းများတွင်လည်းကောင်း **လမင်းစီမံချက်**ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ်များ ပျက်စီး/ ပျောက်ဆုံးမှုများအား e-ID စနစ်ဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ မြို့နယ်အဆင့် (၅) ဦးကော်မတီဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြု ကတ်များ ပြန်လည်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အချို့သောပြည်သူများသည် ရုံးလုပ်ငန်းများ ဆောင်ရွက်တတ်ခြင်းမရှိသဖြင့် ပွဲစားများအသုံးပြုဆောင်ရွက်ခဲ့ရာ မလိုလားအပ်သည့် ပြဿနာများ၊ စာရွက်စာတမ်းအတုများ ရရှိခဲ့ကြပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြမည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လာရောက်သည့်အခါ ရုံးများအဝင်ရှိ ဧည့်ကြိုကောင်တာတွင် လဝကဝန်ထမ်းများမှ စိစစ်စာရင်းသွင်းပြီးနောက် အခက်အခဲရှိသည့်ပြည်သူများအတွက် အတူလိုက်ပါပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အထောက်အထားပြည့်စုံပါက လုပ်ငန်းဆောင်ရွက်မှုအား နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဖြစ်ပြီး အထောက်အထား အချက်အလက်မပြည့်စုံပါက လိုအပ်သည့်အထောက်အထားများကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ကာ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကာယကံရှင်များအတွက် သိရှိလိုသည်များ၊ ယူဆောင်လာရမည့် အထောက်အထားများနှင့်ပတ်သက်၍ လဝကမြို့နယ်ရုံးအသီးသီး၌ ဗီနိုင်းများ ချိတ်ဆွဲခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၅။ ဝန်ကြီးဌာနမှ ဝန်ဆောင်မှုပေးသည့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြု ကတ်ပြားများကို အောက်ဖော်ပြပါအကောင့်အတု (Fake Account) များမှ Online တွင် ကြော်ငြာ၍ စာရွက်စာတမ်းအတုများ ထုတ်ပေးလျက်ရှိသဖြင့် အမှုဖွင့်တရားစွဲ ဆောင်ရွက်လျက်ရှိသောကြောင့် ပွဲစားများ၊ အကောင့်အတု(Fake Account) များနှင့် လုံးဝဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါရန်နှင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(က) Account Name - Shwe yamin
(09-444810929၊ 09-968720062၊ 09-955550231)
https://www.tiktok.com/@shwe.yamin297?_r=1&_t=ZS-964iVHFlPIm


( ခ ) Account Name - Phyu zin (မှတ်ပုံတင်ရုံး)
(09-962738756၊ 09-952733267)
https://www.tiktok.com/@phyu.zin5906?_r=1&_t=ZS-964iZOY0OeY

( ဂ ) Account Name - ရတီမေဦးမှတ်ပုံတင်ဝန်ဆောင်မှု
(09-985955682၊ 09-971355796)
https://www.tiktok.com/@wai.yan.moe537?_r=1&_t=ZS-964ikTbUEZM

(ဃ) Account Name - မှတ်ပုံတင်ဝန်ဆောင်မှု
(09-780788106၊ 09-798700781)
https://www.tiktok.com/@user26765611615576?_r=1&_t=ZS-964j5cRwwcM

( င ) Account Name - Oomin
(09-764180425)
https://www.tiktok.com/@ooye852?_r=1&_t=ZS-964jDCybqh0

( စ ) Account Name - Ko Hein
(09-971355796၊ 09-985955682၊ 09-785068854)
https://www.tiktok.com/@..kohein0?_r=1&_t=ZS-964tOP1yZ3n




၆။ ပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ လုပ်ငန်းအဆင်မပြေမှုများနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည်-

- အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန - ၀၆၇-၃၄၃၁၀၄၅/ ၃၄၃၁၀၅၆
- အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန - ၀၆၇-၃၄၃၁၅၅၁
- ကချင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၂၆၃၅၁၉၇၈၇
- ကယားပြည်နယ်ဦးစီးမှူးရုံး - ၀၉-၂၅၀၀၆၄၀၅၀
- ကရင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၂၂၄၆၈၉၈၂
- ချင်းပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၀၀၃၁၀၈၂၀
- စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး - ၀၉-၇၆၂၆၄၁၄၆၉
- တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး - ၀၉-၂၅၀၉၅၀၅၅၀
- ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၂၁၀၆၀၃၇၀
- မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၅၀၀၆၄၉၈၅
- မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး - ၀၉-၄၀၇၅၉၀၆
- မွန်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၆၉၂၂၇၆၃၅၈
- ရခိုင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၃၀၇၀၇၈၉
- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး - ၀၉-၄၃၀၃၅၈၂၉
- ရှမ်းပြည်နယ်ဦးစီးမှူးရုံး - ၀၉-၆၉၉၀၃၂၈၀၅
- ဒုတိယပြည်နယ် ဦးစီးမှူးရုံး(ရှမ်းမြောက်) - ၀၉-၆၇၇၆၁၈၂၂၈
- ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ရှမ်းအရှေ့) - ၀၉-၄၂၈၂၃၅၁၄၈
- ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး - ၀၉-၈၉၈၉၄၂၀၆၉
- ပြည်ထောင်စုနယ်မြေ ဦးစီးမှူးရုံး - ၀၉-၄၂၇၂၂၇၀၁၁

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# မော်လ်ဒိုက်သမ္မတ၏ ခရီးစဉ်အတွင်း သီရိလင်္ကာနှင့် မော်လ်ဒိုက်တို့အကြား နားလည်မှုစာချွန်လွှာ ခုနစ်ခုလက်မှတ်ရေးထိုး



**ကိုလံဘို မေ ၄**
သီရိလင်္ကာသမ္မတ အနူရာကူမာရာဒစ်ဆာနာရာကေး၏ ဖိတ်ကြားချက်အရ မေ ၄ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ နိုင်ငံတော်ခရီးစဉ်အဖြစ် မော်လ်ဒိုက်နိုင်ငံ သမ္မတ မိုဟာမက် မူအစ်ဇူး ရောက်ရှိလာခဲ့သည်။ ထိုသို့ ရောက်ရှိနေစဉ်အတွင်း သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံတို့သည် နားလည်မှုစာချွန်လွှာ ခုနစ်ခုခန့်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သမ္မတရုံး သတင်းပြန်ကြားရေးဌာနက မေ ၄ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ သဘောတူညီချက်များတွင် ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် အဆင့်မြင့်ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေး၊ မော်ကွန်းတိုက်နှင့် ကာကွယ်ရေးစသည့် ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

မူအစ်ဇူးသည် ၂၀၂၃ ခုနှစ်တွင် သမ္မတတာဝန်ကို စတင်ထမ်းဆောင်ပြီးနောက် သီရိလင်္ကာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့်ခရီးစဉ်လည်း ဖြစ်သည်။

နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံစဉ် သီရိလင်္ကာသမ္မတ အနူရာကူမာရာဒစ်ဆာနာရာကေးက မကြာသေးမီကဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်ကာလအတွင်း သီရိလင်္ကာသို့ ပေးအပ်ခဲ့သော လူသားချင်းစာနာမှု အကူအညီများနှင့်ပတ်သက်၍ ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် နှစ်နိုင်ငံစလုံးအတွက် ဘုံစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ၂၀၂၆ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၈ ဒသမ ၈ သန်း ဝင်ရောက်

**ဟနွိုင်း မေ ၄**
ဗီယက်နမ်နိုင်ငံသို့ ဧပြီလတစ်လအတွင်း နိုင်ငံခြားခရီးသွား ၂ ဒသမ ၀၃ သန်း လာရောက်လည်ပတ်ခဲ့ပြီး ပထမလေးလအတွင်း နိုင်ငံခြားခရီးသွား ဧည့်သည် စုစုပေါင်း ၈ ဒသမ ၈ သန်း လာရောက်ခဲ့ကြောင်း ဗီယက်နမ်အမျိုးသားခရီးသွား အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက မေ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံသည် လေးလဆက်တိုက် နိုင်ငံခြားခရီးသွားလာရောက်လည်ပတ်မှု ၂ သန်းကျော်နှုန်းဖြင့် စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလမှဧပြီလအထိ နိုင်ငံခြားသားခရီးသွား ၈ ဒသမ ၈ သန်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်းသို့ အဓိကလာရောက်ခဲ့ကြသည့်နိုင်ငံခြားသားအများစုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှဖြစ်ပြီး နိုင်ငံတကာမှ လာရောက်သူစုစုပေါင်း၏ ၃၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ခုနစ်နှစ်တာကာလအတွင်း အီသီယိုးပီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု နှစ်ဆကျော် မြင့်တက်လာ

**အဒစ္စအဘာဘာ မေ ၄**
အီသီယိုးပီးယားနိုင်ငံသည် ဆယ်စုနှစ်တစ်စု မပြည့်မီအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်းကို နှစ်ဆကျော်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း အီသီယိုးပီးယားလျှပ်စစ်ဓာတ်အားလုပ်ငန်း (အီးအီးပီ) ၏ ထုတ်ပြန်ချက်အရ သိရသည်။

အီသီယိုးပီးယားနိုင်ငံသည် လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်းကို ၄၄၆၂ မီဂါဝပ်မှ ၉၇၅၂ မီဂါဝပ်အထိ သိသိသာသာတိုးချဲ့နိုင်ခဲ့ပြီး အာဖရိက၏ ထိပ်တန်းရောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဗဟိုချက်ဖြစ်လာခဲ့ကြောင်း နိုင်ငံပိုင်အီသီယိုးပီးယားသတင်းဌာနက အီးအီးပီ၏ ထုတ်ပြန်ချက်ကို မေ ၂ ရက်တွင် ကိုးကားဖော်ပြထားသည်။

အခြေခံအဆောက်အအုံများ ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မကြာသေးမီနှစ်များအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားရရှိမှုမှာလည်း ၄၄ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာကြောင်း အီးအီးပီ၏ ဆက်သွယ်ရေးညွှန်ကြားရေးမှူး မိုဂတ်စ်မက်ခွန်နန်က ပြောသည်။

အီးအီးပီက ထုတ်ပြန်သော အချက်အလက်များအရ လက်ရှိတွင် ရေအားလျှပ်စစ်က နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် အဓိက အများဆုံးဖြစ်ပြီး လေအားလျှပ်စစ်မှ ငါးရာခိုင်နှုန်းနီးပါးနှင့် ဘူမိအပူစွမ်းအင်မှ ၁ ရာခိုင်နှုန်းအောက် အသုံးပြုထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဒေသတွင်းပဋိပက္ခများကြောင့် အာရပ်ဒေသတစ်ခွင်ရှိ ကလေး သန်း ၁၀၀ ကျော်၏ ပညာရေးကိုထိခိုက်နိုင်ဟု ယူနက်စကို သတိပေး

**ဘေရွတ် မေ ၄**
ဒေသတွင်းပဋိပက္ခများ ပြင်းထန်လာမှုကြောင့် အာရပ်ဒေသတစ်ခွင်ရှိ ပညာရေးကဏ္ဍ အကြီးအကျယ်ထိခိုက်နေရပြီး ကလေးငယ် သန်း ၁၀၀ ကျော်၏ ပညာသင်ကြားခွင့်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း ယူနက်စကိုက မေ ၄ ရက်တွင် သတိပေးခဲ့သည်။

ယူနက်စကို၏ အစီရင်ခံစာအရ ပဋိပက္ခများသည် အနည်းဆုံး အာရပ်နိုင်ငံ ၁၅ နိုင်ငံရှိ ပညာရေးစနစ်များအပေါ် သက်ရောက်မှုရှိနေပြီး ကျောင်းပိတ်ခြင်း၊ ကျောင်းဝင်ခွင့်လျှော့ချခြင်းနှင့် အဝေးသင်စနစ်သို့ ပြောင်းလဲခြင်းတို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ် ၅၂ သန်းခန့် ပညာသင်ကြားခွင့်ကို ထိခိုက်မှုများ ကြုံတွေ့နေရကြောင်း သိရသည်။ ထို့အပြင် ပဋိပက္ခမဖြစ်ပွားမီကတည်းကပင် ကလေးငယ် သန်း ၃၀ နီးပါး ကျောင်းထွက်နေခဲ့ပြီးဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသ၌ ပညာရေးစနစ်လုံးဝနီးပါး ပြိုကွဲလုနီးနီးအခြေအနေသို့ ရောက်ရှိနေပြီး စာသင်ကျောင်းများ၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းခန့်မှာ ပျက်စီး သို့မဟုတ် ဖျက်ဆီးခြင်းခံထားရကာ ကလေးငယ် ၆၃၇၀၀၀ ကျော် ကျောင်းတက်ခွင့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံတွင်လည်း စာသင်ကျောင်း ၁၁၀၀ ကျော်ကို အများပြည်သူခိုလှုံရေးစခန်းများအဖြစ် အသုံးပြုနေပြီး ကျောင်းပေါင်း ၅၇၀ ခန့် ပိတ်ထားရသဖြင့် ကလေးငယ် ၂၄၀၀၀၀ ခန့်၏ ပညာရေးမှာ အဟန့်အတားများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခြေအနေကြောင့် ပညာရေးကဏ္ဍတွင် အရေးပေါ်စနစ်များနှင့် အဝေးသင်ပုံစံများကို အသုံးပြုနေရပြီး ပညာရေးအရည်အသွေးနှင့် သင်ယူခွင့်မညီမျှမှုများ ဖြစ်ပေါ်နေကြောင်းလည်း ဖော်ပြထားသည်။ ထို့အပြင် ကျောင်းသားများအကြား စိတ်ပိုင်းဆိုင်ရာဖိအားများ မြင့်တက်လာခြင်း၊ ရေရှည်ပညာသင်ယူခွင့်ဆုံးရှုံးခြင်းနှင့် ကျောင်းထွက်နှုန်း တိုးလာနိုင်ခြင်းတို့ကိုလည်း စိုးရိမ်ရသည်ဟု ယူနက်စကိုက ဆိုသည်။

ဆီးရီးယားနိုင်ငံတွင် လက်ဘနွန်မှ နေရပ်ပြန်သူများတိုးလာခြင်းကြောင့် မူလကတည်းက အားနည်းလျက်ရှိသည့် ပညာရေးစနစ်ကို ထပ်မံဖိအားဖြစ်ပေါ်ခဲ့ရသည်။ ပြန်လာသူများအတွက် အရေးပေါ်ပညာရေးလိုအပ်ချက်များ များပြားလျက်ရှိကြောင်း၊ သို့သော် စာသင်ကျောင်းများ၌ ကျောင်းသားများပြည့်နှက်နေပြီး တချို့ကျောင်းများကို ခိုလှုံရေးစခန်းများအဖြစ် အသုံးပြုနေရသည့်အတွက် ကျောင်းသားများအဖို့ ကျောင်းပြန်တက်နိုင်ရန် အခွင့်အရေးနည်းပါးလျက်ရှိသည်။

ဤသက်ရောက်မှုများသည် ပဋိပက္ခဒေသများကို ကျော်လွန်ကာ အခြားနိုင်ငံများသို့လည်း ပျံ့နှံ့လျက်ရှိသည်။ အီရတ်နိုင်ငံတွင် ကျောင်းသားနှစ်သန်းခန့်အား သင်ကြားပေးနေသော စာသင်ကျောင်း ၇၅၀၀ ခန့်ကို အွန်လိုင်းစနစ်သို့ ပြောင်းလဲထားပြီး ပင်လယ်ကွေ့နိုင်ငံများတွင်လည်း ယာယီကျောင်းပိတ်ခြင်းနှင့် အဝေးသင်စနစ်များ အသုံးပြုကာ ကြိုတင်အစီအမံများ ပြုလုပ်ကျော်လွှားနေကြသည်။

လက်ရှိအခြေအနေများကို အရေးယူဖြေရှင်းခြင်းမပြုပါက ဒေသတစ်ခုလုံးတွင် ပြန်လည်ပြုပြင်၍မရနိုင်သည့် လူသားအရင်းအမြစ်များ အကြီးအကျယ်ဆုံးရှုံးနိုင်ပြီး ပညာသင်ကြားခွင့်မရရှိသော မျိုးဆက်တစ်ခု ပေါ်ပေါက်လာနိုင်ကြောင်း ယူနက်စကိုက သတိပေးထားသည်။

**ဆင်ဟွာ**

■

## ဖိလစ်ပိုင်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**မနီလာ မေ ၄**
ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အရှေ့ဆာမားပြည်နယ်၌ မေ ၄ ရက် ဒေသစံတော်ချိန် နေ့လယ် ၂ နာရီ ၁၉ မိနစ်က ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဗေဒအဖွဲ့အစည်းက ပြောကြားသည်။

ကနဦး သတ်မှတ်ချက်များအရ ငလျင်ဗဟိုချက်သည် မြောက်လတ္တီကျု ၁၁ ဒသမ ၇၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၂၅ ဒသမ ၃၇ ဒီဂရီ မြေအောက်အနက် ၁၀ ဒသမ ၀ ကီလိုမီတာတွင်ရှိကြောင်း အဆိုပါ အဖွဲ့အစည်းက ပြောကြားသည်။

ဒေသခံများမှာ နေအိမ်များ၏ အပြင်ဘက် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရပြီး ယခုအချိန်အထိ ထိခိုက်သေဆုံးမှုများကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း ဒေသတွင်းမီဒီယာက ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးတောင်နှင့် မြေငလျင်ရပ်ဝန်းဒေသတွင် တည်ရှိသောကြောင့် ငလျင်လှုပ်ခတ်မှုများနှင့် မကြာခဏကြုံတွေ့ရကြောင်း သိရသည်။ **ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ၌ ငလျင်လှုပ်ခတ်ပြီးနောက် အဆောက်အအုံအပြင်ဘက်သို့ ထွက်လာသူများအား တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီး Football for School Programme အစီအစဉ်ဖြင့် ဘောလုံးနှင့်အခြေခံအားကစားနည်း သင်တန်းများဖွင့်လှစ်

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ Football for School Programme အစီအစဉ်ဖြင့် အခြေခံဘောလုံးသင်တန်းနှင့် ဆက်စပ်အားကစားနည်းများ အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၁၅၀၀ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Football for School Programme အစီအစဉ်ဖြင့် အခြေခံဘောလုံးသင်တန်းနှင့်ဆက်စပ်အားကစားနည်းများ အခြေခံသင်တန်းကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းအလိုက် သင်တန်းသား သင်တန်းသူများနှင့် နည်းပြများအား လိုက်လံနှုတ်ဆက်သည်။ တိုင်းဒေသကြီးအတွင်း ဘောလုံးအားကစားနည်းအပါအဝင် အခြားဆက်စပ် အားကစားနည်း ၁၅ နည်းကို နွေရာသီကျောင်းပိတ်ရက်တွင်သာမက ကျောင်းဖွင့်ရက်များတွင် အခြေခံပညာကျောင်းများ၌ ဆက်လက်သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

ထို့ပြင်၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲနှင့် လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ၊ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုပေးပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အမှတ်ပေးရွေးချယ်ပုံအဆင့်ဆင့်နှင့်ပတ်သက်၍ ဓာတ်ပုံပြိုင်ပွဲအကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့သူ ဓာတ်ပုံပညာရှင်တစ်ဦးက ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင် ၃၆ ဦးမှ ပြိုင်ပွဲဝင်ဓာတ်ပုံစုစုပေါင်း ၁၃၁ ပုံ၊ လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ၊ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင်ဓာတ်ပုံပညာရှင် ၁၆ ဦးမှ ဓာတ်ပုံစုစုပေါင်း ၆၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု၊ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဝါရင့်ဓာတ်ပုံပညာရှင်ဒိုင်များက နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲ စံနှုန်းများနှင့်အညီ ပြိုင်ပွဲခေါင်းစဉ်နှင့်ကိုက်ညီမှုရှိသည့်ပုံများကို ဓာတ်ပုံပညာရှုထောင့်အရ အယူ



အဆ၊ ရှိသင့်ရှိထိုက်သည့် အရည်အသွေးပြည့်စုံမှုရှိသည့် ပြိုင်ပွဲဝင်ဓာတ်ပုံကောင်းများကို အဆင့်ဆင့် စိစစ်အမှတ်ပေး၍ ဆုရွေးချယ်သတ်မှတ်ပေးထားမှု၊ လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ၊ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆန်ခါတင် စိစစ်ရွေးချယ်ထားသည့် ၂၅ ပုံကို Mandalay City Facebook Page လူမှုကွန်ရက်စာမျက်နှာမှ Like အများဆုံးရရှိသည့်အပေါ် ပွင့်လင်းမြင်သာစွာဖြင့် စိစစ်ရွေးချယ်ပြီး အဆင့်အလိုက် ဆုများသတ်မှတ်ပေးခဲ့မှုများကိုရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး စာရင်းစစ်ချုပ်က အကဲဖြတ်ဒိုင်အဖွဲ့ကို ဂုဏ်ပြုငွေများချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲတွင် ပထမဆုရရှိခဲ့သည့် အောင်သိန်း(ရွှေမန်းသား) နှင့် လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ၊ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသည့် ပြည့်ဖြိုးအောင်တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ပေးကြပြီး ပြသထားသည့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့၌ ရှေ့ပြေးအစီအစဉ်အဖြစ် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားသင်တန်းများ ဖွင့်လှစ်

**မြောင်းမြ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ Pilot Project အစီအစဉ်အရ ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားသင်တန်းများကို ယနေ့ညနေ ၄ နာရီက မြို့မအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုတို့က အားကစားပစ္စည်းများပေးအပ်ရာ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူးက လက်ခံရယူသည်။

ယင်းနောက် မြောင်းမြခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အခမ်းအနားတက်ရောက်လာသူများက Pilot Project အစီအစဉ်အရ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့



ပူးပေါင်းဖွင့်လှစ်သည့် အားကစားသင်တန်းများမှ ဘောလုံးသင်တန်းသားများ၏ လေ့ကျင့်ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## နွေရာသီအခြေခံသင်တန်းများသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

**ညောင်လေးပင် မေ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ ၂၀၂၆ ခုနှစ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံပန်းချီ၊ အင်္ဂလိပ်စာနှင့် အားကစားသင်တန်းများတွင် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က ပြွန်တန်ဆာမြို့ ဘိုးရာဇာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေရာသီအခြေခံပန်းချီသင်တန်းတွင် လိုအပ်သောပန်းချီစာအုပ်များနှင့် ရောင်စုံခဲတံများ၊ အင်္ဂလိပ်စာသင်တန်းတွင်လိုအပ်သော စာအုပ်နှင့်စာရေးကိရိယာများ၊ အားကစားသင်တန်းတွင်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများက ကရာတေး၊ ရိုးရာခြင်း၊ ဘတ်စကက်ဘောများဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြကြောင်းနှင့် အဆိုပါသင်တန်းတွင် အားကစားနည်း ၁၁ မျိုး သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ငူခရိုင် အားကစားကွင်း၌ Football for School ရှေ့ပြေးအစီအစဉ်အရ ဘောလုံးသင်တန်းဖွင့်ပွဲကျင်းပ

**တောင်ငူ မေ ၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် ကြီးမှူးဖွင့်လှစ်သည့် Football for School Pilot Project Program ဘောလုံးသင်တန်းဖွင့်ပွဲ



အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တောင်ငူခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝတ်စုံ ၁၀၀၊ ဘောလုံး ၁၀ လုံး၊ အလှူရှင် ဦးပေါ်ဦးက ငွေကျပ် သိန်း ၂၀၊ PCEC ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ပွင့်ဦးကိုယ်ပိုင်အထက်တန်းကျောင်းနှင့် မဟာကိုယ်ပိုင်အထက်တန်းကျောင်းတို့က စုပေါင်း၍ ဘောလုံး ၂၅ လုံးကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။ အဆိုပါ သင်တန်းကို မေ ၄ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်အား နည်းပြ ၁၀ ဦးဖြင့် နေ့စဉ်ညနေ ၄ နာရီခွဲမှ ၅ နာရီခွဲအထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ဘီးလင်းမြို့နယ် ညောင်ပုလင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (AVIP) သင်တန်းဖွင့်

**ဘီးလင်း မေ ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ရက် (၁၀၀) စီမံချက်ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် ညောင်ပုလင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ စီမံကိန်းကျေးရွာကော်မတီဝင်များအား AVIP သင်တန်းကို ယမန်နေ့က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖွင့်လှစ်သင်ကြား ပို့ချပေးပြီး အဆိုပါ စီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဘုန်းမြတ်**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြအုပ်ချုပ်သူများ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ရှိ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်ပြပွဲသို့ သွားရောက်လေ့လာကြည့်ရှု



**နေပြည်တော် မေ ၄**

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ရေကြောင်းပညာနှင့် လေကြောင်းပညာဆိုင်ရာ ဗဟုသုတများရရှိတိုးပွားစေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်က သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ရှိ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ်ပြပွဲသို့ ရောက်ရှိလေ့လာကြသည်။

ဦးစွာ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား လေ့လာဖတ်ရှုကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌမသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ် သာသနာတော်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြကွက် ၁၀ ကွက်ဖြင့် ပြသထားရှိမှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြည့်ညိုကြရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)မှ တာဝန်ရှိသူများက ပြခန်းကဏ္ဍအလိုက် ဗဟုသုတရရှိဖွယ်ရာများကို လိုက်လံရှင်းလင်းပြသကြပြီး သင်တန်းသား သင်တန်းသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။













ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ က ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား ဗုဒ္ဓဆိုင်ရာ အမေးအဖြေများ ပြုလုပ်ကာ ဆုံးမဩဝါဒစကားများ ပြောကြားသည်။

ထို့နောက်သင်တန်းသား သင်တန်းသူများအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆဋ္ဌသင်္ဂါယနာတင်ရခြင်းသမိုင်းကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ကြောင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ်ပြခန်းကို မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲစေရန် ခေတ်အဆက်ဆက် ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံများကို ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် လေ့လာကြည့်ရှု ကြည်ညိုသဒ္ဓါပွားများနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

၁။ အခုလိုမျိုး ဒီမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းနဲ့ မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်း၊ နောက်ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းအားလုံးရဲ့ သမိုင်းထဲမှာ အထင်ရှားဆုံးနဲ့ သမိုင်းမှတ်တိုင် စိုက်ထူခဲ့တဲ့နေရာ၊ သို့မဟုတ် ဆဋ္ဌသင်္ဂါယနာလို့ခေါ်တဲ့ ကြီးကျယ်ခမ်းနားလှတဲ့ သံဃာများ စုဝေးပြီး ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မဒေသနာတော်များကို အစဉ်တစိုက် ပြန်လည်ရွတ်ဖတ်ပွားများပြီး ပြန်လည်မှတ်တမ်းတင်ခဲ့တဲ့ အခုလိုမျိုး အဆောက်အအုံကြီးကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်မှာ ကြက်သီးထမိလောက်အောင်ကို ပီတိခံစားမိရပါတယ်။ ဒီမဟာပါသာဏလိုဏ်ဂူတော်ကြီးရဲ့ တည်ဆောက်ပုံနဲ့ ဒီလိုကျင်းပတဲ့ အခမ်းအနားတွေကို လေ့လာခွင့်ရတဲ့အခါမှာ အင်မတန်ကို အံ့ဩမိပါတယ်။

အခုလို အစိုးရနဲ့ ပြည်သူ အတူတကွ ပူးပေါင်းပြီး လက်တွဲညီညီနဲ့ Harmoniously လို့ခေါ်တဲ့ ညီညာစွာ အတူတကွ တည်ထောင်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူအားလုံးရဲ့ ဗုဒ္ဓဘာသာ၊ သို့မဟုတ် တစ်ကမ္ဘာလုံးကမ္ဘာသားအားလုံးရဲ့ ဗုဒ္ဓဘာသာကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ဗုဒ္ဓသာသနာတော်ကြီးအပေါ် သက်ဝင်ကိုင်းရှိုင်းမှုတွေကို လေ့လာခွင့်ရရှိတဲ့အတွက် အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ တုန်းက အကုန်စုပေါင်းပြီး တစ်စုတစ်စည်းတည်းနဲ့ ဆန္ဒတစ်ခုတည်းကို အကောင်အထည်ဖော်ခဲ့ကြတဲ့အတွက် အခုလိုမျိုး ဆဋ္ဌသင်္ဂါယနာတင်ခြင်းလို့ခေါ်တဲ့ ဗုဒ္ဓသာသနာတော်မှာ သာသနာ့ရောင်ဝါ အစဉ်ထွန်းပြောင်စေမယ့် လုပ်ရပ်ကြီးတစ်ခုကို လုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုလိုမျိုး နိုင်ငံတော်အကြီးအကဲတွေအားလုံးဟာ အခုလို စုပေါင်းပြီးတော့ ပြန်လည်လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓသာသနာတော်ဟာ နေလိုလလို ရောင်ဝါထွန်းလင်းတောက်ပနေတာဖြစ်တယ်လို့ ယုံကြည်မိပါတယ်။ အခုလိုမျိုး စည်းလုံးညီညွတ်မှုတွေကို လေ့လာခွင့်ရခဲ့တဲ့အတွက် ကျွန်တော်တို့ ရေကြောင်းလူငယ်အချင်းချင်းမှာလည်း သင်တန်းသူ သင်တန်းသားများအားလုံး အချင်းချင်း အတူတကွ စုပေါင်းညီညွတ်ဆောင်ရွက်ကြရမယ်၊ အဲဒီနောက်မှာမှ Goals လို့ခေါ်တဲ့ မိမိတို့ရည်မှန်းထားတဲ့ ရည်ရွယ်ချက်တစ်ခုကို အောင်မြင်အောင်လုပ်မယ်ဆိုရင် အတူတကွ စုပေါင်းအားနဲ့သာ ရမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို လေ့လာမိရပါတယ်။

ဗုဒ္ဓဘာသာဆိုတာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထဲမှာ မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားအများစုရဲ့ ကိုးကွယ်ရာ ဂုဏ်ထူးဝိသေသတွေနဲ့ ပြည့်စုံတဲ့ ဘာသာတစ်ခုပဲ ဖြစ်ပါတယ်။ အခုလိုမျိုး မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေအတွက် ရင်ထဲကနေ စွဲမြဲနေတဲ့ ဗုဒ္ဓဘာသာ၊ ဘာသာသာသနာအကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုလို ရေကြောင်းလူငယ် တက်ရောက်လာကြတဲ့ သင်တန်းသူ သင်တန်းသားများအားလုံးအနေနဲ့ရော၊ ကျောင်းသားတစ်ယောက်အနေနဲ့ရော၊ လူငယ်မောင်မယ်တစ်ယောက်အနေနဲ့ပါ အခုလို အမျိုး၊ ဘာသာ၊ သာသနာကို အသက်ထက်ဆုံး ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ စိတ်ဓာတ်တစ်ခုကို ကျွန်တော့်ရဲ့ အသည်းနှလုံး စိတ်ဓာတ်တစ်နေရာထဲမှာ ထာဝစဉ်ကမ္ပည်းတင်မှတ်တမ်းထိုးလိုက်နိုင်တယ်လို့ အခိုင်အမာပြောကြားလိုက်ပါတယ်။

ကျွန်တော်တို့ကို အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတွေရရှိအောင်၊ အသစ်အသစ်သော ဒေသန္တရဗဟုသုတတွေ၊ လောကီလောကုတ္တရာ နှစ်ဖြာသောဗဟုသုတတွေကို သိရှိအောင် အခုလို လေ့လာရေးခရီးတွေ၊ နောက် ထင်ရှားတဲ့ အထင်ကရနေရာတွေ၊ အခုလို သမိုင်းဝင်နေရာတွေ ဖြစ်တဲ့ ဒီဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ မဟာပါသာဏလိုဏ်ဂူတော်ကြီးနဲ့အတူ ကမ္ဘာအေးစေတီတော်မြတ်ကြီး စတဲ့နေရာတွေကို လေ့လာခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြတဲ့၊ စီစဉ်ပေးခဲ့ကြတဲ့ နိုင်ငံတော် သမ္မတကြီးရော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့အတူ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများ၊ စစ်ဘက်တပ်မတော်အရာရှိကြီးများအားလုံးကို ဒီနေရာကနေပြီးတော့ လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်းနဲ့ အခုလိုမျိုး ဆက်လက်ပြီးတော့ ကျွန်တော့်ရဲ့ ညီငယ် ညီမငယ်တွေအားလုံးကိုလည်း ဆောင်ရွက်ပေးနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

၂။ သမီးအနေနဲ့ အခြေခံရော၊ တန်းမြင့်ရော ကျော်ဖြတ်ခဲ့ပြီးတော့မှ အကူနည်းပြအနေနဲ့ လာရောက်ပြီး လုပ်ကိုင်နေတာဖြစ်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ်ဆိုလည်း လေ့လာရေးခရီးတွေက မတူညီပါဘူး။ အတွေ့အကြုံသစ်တွေလည်း အများကြီးရတယ်။ ဒီပိဋကတ်စာပေတွေအကြောင်းလည်း အများကြီးလေ့လာခဲ့ရပါတယ်။ မူရင်းခဲနဲ့ ရေးသားထားတဲ့ ပိဋကတ်တွေအကြောင်းလည်း သိရတယ်။ ကွန်ပျူတာနဲ့ ပြန်လည်ပြုပြင်ထားတဲ့ ပိဋကတ်တော်တွေအကြောင်းလည်း လေ့လာခဲ့ရပါတယ်။

ဒီလိုလေ့လာခွင့်ရရှိတဲ့အတွက် ညီမတို့အနေနဲ့ ဒီဗုဒ္ဓဘာသာအသိတရားတွေ အများကြီးရရှိခဲ့ပါတယ်။ ပြီးရင် ဒီလိုမျိုး သာသနာပြန့်ပွားစေတဲ့နေရာတွေ လေ့လာရတဲ့အတွက် မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်တွေလည်း အများကြီးတက်ကြွစေခဲ့ပါတယ်။ ဒီလူငယ်တွေအနေနဲ့ ဆရာတော်ကြီးတွေ ချမှတ်ထားတဲ့ ဆုံးမဩဝါဒတွေကို ခံယူပြီးတော့ ဘာသာသာသနာ တိုးပွားစေမယ့်နေရာတွေကိုလည်း ပိုမိုပြီးတော့ လေ့လာသင့်တယ်။ ကိုယ်တိုင်ကနေစပြီးတော့ ဒီဘာသာရေး ကောင်းမွန်အောင်လို့ ကြိုးစားပြီးတော့ ဒီပတ်ဝန်းကျင်မှာရှိတဲ့ လူငယ်တွေကိုလည်း ဖြည်းဖြည်းချင်း လက်ဆင့်ကမ်းသွားသင့်တယ်လို့ ထင်ပါတယ်။

သင်တန်းမှာကတည်းက စည်းရုံးရေးမှာဆိုလို့ရှိရင် ပူးပေါင်းဆောင်ရွက်မှုနဲ့ အမိန့်နာခံတတ်ခြင်းဆိုတာကို သင်ကြားပေးပြီးသားဖြစ်ပါတယ်။ ကလေးတွေအကုန်လုံးမှာ စည်းကမ်းတကျနဲ့ လုပ်ဆောင်တတ်တဲ့ စွမ်းရည်ရှိပြီးသားဖြစ်တဲ့အတွက် နည်းလမ်းတကျဖြစ်သွားဖို့အတွက် အကူအညီလမ်းပြပေးဖို့ပဲ လုပ်ပေးရုံပါပဲ။ အခုဆို လို့ရှိရင် ကလေးတွေအနေနဲ့ မရောက်ဖူးတဲ့နေရာတွေလည်း ရောက်ရတယ်။ ဒီလို ဒေသန္တရဗဟုသုတတွေလည်း အများကြီးရတဲ့ နေရာတွေ ပြသခွင့်ပေးတဲ့ လူကြီးတွေကို များစွာကျေးဇူးတင်ရှိရပါတယ်။

*စာမျက်နှာ ၁၇ သို့*

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမအကြိမ်အဖြစ် စက်မှုကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အိမ်တွင်းမှုသင်တန်းကျောင်း ၁၉ ကျောင်းတွင် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့အား ယနေ့ နံနက်ပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ဘားအံမြို့ စက်မှုသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ထားဝယ်မြို့ စက်မှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်း၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်စိုး၊ မြိုင်ကြီးငူ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးဝင်း၊ ခန္တီးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်ငြိမ်းထိုက်တို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

အဆိုပါ စက်မှုသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ ဆောက်လုပ်ရေးသင်တန်းသား ၁၄ ဦး၊ လျှပ်စစ်သင်တန်းသား ၃၅ ဦး၊ ဂဟေသင်တန်းသား ၃၅ ဦး၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၄၁ ဦး၊ လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၅ ဦး၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၇၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများတွင် သင်တန်းသား သင်တန်းသူ ၅၅ ဦး စုစုပေါင်း ၆၇၀ တက်ရောက်၍ မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၇၀၅၈ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင်သင်တန်းသူ ၉၈၁၄၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဟာအောင်မြေမြို့နယ် အမှတ်(၂)မူလတန်းကြိုကျောင်း၌ ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီစာသင်ဆောင်အသစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ မဟာအောင်မြေမြို့နယ် အမှတ်(၂)မူလတန်းကြိုကျောင်း၌ ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီစာသင်ဆောင်အသစ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာလှကြွယ်က ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီစာသင်ဆောင်အသစ် လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေလင်းက မန္တလေးမြေငလျင်ကြီးကြောင့် အမှတ်(၂)မူလတန်းကြိုကျောင်းရှိ စာသင်ဆောင်နှစ်ဆောင်အပါအဝင် စုစုပေါင်း အဆောက်အအုံသုံးလုံး၊ ရေစင်တစ်ခုနှင့် အုတ်တံတိုင်းခြံစည်းရိုးများ ပြိုကျပျက်စီးခဲ့ကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် World Vision International (Myanmar) မှ (၇၀'x ၃၅' x ၁၁') အကျယ်အဝန်းရှိ Steel Structure ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံအား ပံ့ပိုးကူညီလှူဒါန်းခဲ့ကြောင်း၊ အမှတ်(၂)မူလတန်း ကြိုကျောင်းအနေဖြင့်လည်း ကလေးသူငယ်များအား ဖွံ့ဖြိုးမှုငါးရပ်၊ သင်ကြားမှုလေးရပ်တို့ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး World Vision International (Myanmar)မှ တာဝန်ရှိသူတစ်ဦးက ယာယီစာသင်ဆောင်အသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများအား မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။



အဆိုပါအခမ်းအနားကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး၊ အမှတ်(၂) မူလတန်းကြိုကျောင်း တာဝန်ခံဆရာမကြီး ဒေါ်ရီရီမြင့်နှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**ပေါင် မေ ၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှခန်းမ၌ ပြုလုပ်ရာ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ)မှ မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးတင်ကိုကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားပြီး အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု (သထုံ)မှ မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးတင်ကိုကိုက မူးယစ်ဆေးဝါးသည် မိမိကိုယ်တိုင်နှင့် မိသားစုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကို ပျက်စီးစေကြောင်း၊ ရှောင်လေဝေးဝေးမူးယစ်ဆေးဆိုသည့် စကားအတိုင်း မူးယစ်ဆေးဝါးကို လက်တည့်မစမ်းကြရန်၊ မူးယစ်ဆေးစွဲနေသူများအနေဖြင့် ကုသရေးနှင့်ပြန်လည်ထူထောင်ရေးစင်တာများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

*စာမျက်နှာ ၁၆ မှ*

၃။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပတဲ့နေရာက ထေရဝါဒဗုဒ္ဓသာသနာရဲ့ သမိုင်းဝင်လိုဏ်ဂူတော်ကြီးလည်း ဖြစ်ပါတယ်။ အဲဒီလိုဏ်ဂူတော်ကြီးကို လာရောက်လေ့လာရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒီပြတိုက်ကြီးမှာ မင်းကွန်းဆရာတော်ကြီး သုံးဆောင်ခဲ့တဲ့ အသုံးအဆောင်တွေကို သဘောကျပါတယ်။ ပြီးတော့ ဒီလိုကြီးမားတဲ့ လိုဏ်ဂူတော်ကြီးနဲ့ သင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ ရှေးလူကြီးတွေရဲ့ စည်းလုံးညီညွတ်မှု၊ ဖွဲလုံ့လရှိမှုတွေကို စိတ်ဝင်တစားနဲ့ လေ့လာရပါတယ်။ အခုလေ့လာရေးကနေရတဲ့ ဗဟုသုတတွေကနေတစ်ဆင့် မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာသာသနာကို လူငယ်တစ်ယောက်အနေနဲ့ ဆက်လက်ထိန်းသိမ်းသွားရမှာ ဖြစ်ပါတယ်။

၄။ ကျွန်တော်တို့ကိုယ်တိုင် ဒီလို သာသနာ့နယ်မြေထဲကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အများကြီးကို ဂုဏ်ယူမိပြီးတော့ ပျော်ရွှင်ဝမ်းသာမိပါတယ်။ အလွန်ပဲကျေးဇူးတင်မိပါတယ်။ မဟာပါသာဏလိုဏ်ဂူတော်ကြီးထဲမှာ မင်းကွန်းဆရာတော်ဘုရားကြီးနဲ့ သီဟိုဠ်ဆရာတော်ဘုရားကြီးတို့ ဓမ္မဆိုင်ရာ၊ သာသနာဆိုင်ရာ မေးခွန်းများကို ပြန်လည်မေးမြန်းနေကြတဲ့ မြင်ကွင်းတွေကိုတွေ့ရတဲ့အတွက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲကြီး နှစ်(၇၀)ပြည့်အခမ်းအနားကို လာရောက်လေ့လာခွင့်ရမှုအပေါ် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ လေကြောင်းလူငယ်တွေအနေနဲ့ ဆက်လက်ပြီး ထိန်းသိမ်းနိုင်အောင် ကြိုးစားပါ့မယ်။ ရှေးအစဉ်အဆက်က ပြုလုပ်ပေးခဲ့တဲ့ ရှေးလူကြီးတွေ၊ သမ္မတကြီးတွေကိုလည်း ကျေးဇူးအများကြီးတင်မိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီယဉ်ကျေးမှုအမွေအနှစ်တွေ ပျက်မသွားရအောင် တာဝန်ရှိသလို ကျရာကဏ္ဍကနေ တာဝန်ထမ်းဆောင်ပြီး ညီငယ်၊ ညီမငယ်လေးတွေ၊ လူငယ်လေးတွေ၊ မျိုးဆက်သစ်တွေကို ထိန်းသိမ်းနိုင်အောင် လက်ဆင့်ကမ်းသွားပါ့မယ်။ **သတင်းစဉ်**

## မိုင်းယောင်းမြို့၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းယောင်း မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း သာသနဉ္စဗိမာန်တော်၌ ယမန်နေ့က နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပသည်။

ဦးစွာ ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းယု)ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစိတ္တသာရထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဘဒ္ဒိယနှင့် ဆရာတော်များက နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့်ပတ်သက်၍ ဩဝါဒကထာများ ချီးမြှင့်တော်မူကြသည်။



ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းဆရာတော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့် တာဝန်ရှိသူများက တတိယအဆင့်၊ ဒုတိယအဆင့်နှင့် အခြေခံအဆင့်တို့တွင် အဆင့်အလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းကို မြို့နယ်သာသနာပြုဆရာတော်များက ကြီးမှူးပြီး သင်တန်းသား၊ သင်တန်းသူ ၆၃ ဦးဖြင့် မတ် ၁၆ ရက်မှ မေ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## ကျိုင်းတောင်းမြို့၌ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**ကျိုင်းတောင်း မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ မွေတော်မြို့နံ စေတီတော်ဝင်း အတွင်း၌ ယမန်နေ့တွင် ပထမအကြိမ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပသည်။



အခမ်းအနားတွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တသီရိဓဇ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) နယ်လှည့်ဓမ္မကထိကနှင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ တာဝန်ခံ ဆရာတော် ဘဒ္ဒန္တထေရဝံသ (ဓမ္မာစရိယ၊ မဟာစည်ကမ္မဋ္ဌာနာစရိယ) တို့က ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်သောကလေးငယ်များအား ဆုံးမဩဝါဒစကား မိန့်ကြားသည်။ အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ကျိုင်းတောင်းမြို့ရှိ ကလေးငယ်များအား ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးသိမ်မွေ့သော လူလိမ္မာများဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ ယဉ်ကျေးမှုသင်တန်းကို မတ် ၂၅ ရက်မှ ရက်ပေါင်း ၄၀ အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး မေ ၃ ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပသည်။ ထို့နောက်ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ခဲ့သော ကလေး ၁၅၀ ခန့်အား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကို(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)ဖွင့်ပွဲ ကျင်းပ

**မိုင်းဆတ် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (မိုင်းဆတ်)၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်လဝကဦးစီးမှူး ဦးထွန်းလှက အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မိုင်းဆတ်)မှ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်ထွေးက သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများနှင့် သင်ထောက်ကူပစ္စည်း ထောက်ပံ့ပေးမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ မိုင်းဆတ်ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ တက်ရောက်သွားမည် ဖြစ်ပြီး သင်တန်းတွင် လက်မနှင့် စင်တီမီတာစက်ချုပ်နည်း ၂၁ မျိုး၊ လက်မှုပညာရပ် ငါးမျိုး၊ မုန့်လုပ်နည်း ငါးမျိုးနှင့် ဟင်းလျာချက်ပြုတ်နည်း ငါးမျိုးတို့ကို ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ တောင်သူများအား သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

**မိုးနဲ မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက မိုက်ဟိုင်းကျေးရွာအုပ်စု နမ့်မော်လေကျေးရွာတွင် တောင်သူများအား စိုက်ပျိုးပညာပေးဝန်ထမ်းများက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဟောပြောသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မော်ဦးက သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သွင်းအားစုများ ဖြန့်ဖြူးထားမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ယဉ်မင်းထွေးက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနည်းလမ်းများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေးနှင့် ဓာတ်မြေဩဇာသုံးစွဲရာတွင် သတိပြုရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောပြီး တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို မြို့နယ်အသီးသီး၌ ကွင်းဆင်းဆောင်ရွက်

**မိုင်းခတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို မေ ၄ ရက်က မိုင်းခတ်မြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးလှမြင့်နှင့် ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာအတွင်းရှိ အသက် (၁၀)နှစ်နှင့်အထက် ပြည်သူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါဆောင်ရွက်ရာနေရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်တို့ တက်ရောက်ပြီး ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့သည်။

**နန်းနွယ်နီ(ပြန်/ဆက်)**



**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးဆွေလွင်ဦး ဦးဆောင်သည့် ဝန်ထမ်းများက မေ ၂ ရက်နှင့် ၃ ရက်တို့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုအတွင်းရှိ အသက် (၁၀)နှစ်နှင့် အသက် (၁၈)နှစ်ကြား ကိုင်ဆောင်လက်မှတ်မရှိသူများနှင့် အသက်(၁၈)နှစ်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



**လှိုင်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများက မေ ၃ ရက်က (၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ပြည့် မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ Biometric ကောက်ယူခြင်း နှင့် UID ကတ် ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **ဇော်ဇော်နိုင်(ပြန်/ဆက်)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## စဉ့်ကိုင်မြို့နယ်၌ နွေသီးနှံစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချပေး

**စဉ့်ကိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ နွေသီးနှံစိုက်တောင်သူများအား မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ဖြန့်ဝေရောင်းချသည့် ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချပွဲအခမ်းအနားတွင် စဉ့်ကိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစံအောင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဇော်မင်းဦးတို့က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးအမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်က အခမ်းအနားကျင်းပဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စိုက်ညှိအဖွဲ့ဝင်များက နွေသီးနှံစိုက်ပျိုးသည့် တောင်သူများထံသို့ ဝယ်ယူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



## ဝဲကြီးဆည်ရေသောက်စနစ်အတွင်း တူးမြောင်းနှင့် လယ်ကြားမြောင်းများ ရေလမ်းကြောင်းရှင်းလင်း

**ပေါင်းတည် မေ ၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဝဲကြီးရေလှောင်တမံမှ စိုက်ပျိုးရေရယူ၍ နှစ်စဉ်နွေစပါးစိုက်ပျိုးထုတ်လုပ်ကာ နိုင်ငံ့စီးပွားမြှင့်တင်ပေးလျက်ရှိရာ ယခုနှစ်၌ နွေစပါးဧက ၂၆၅၀၀ စိုက်ပျိုးထားလျက်ရှိကြောင်း သိရသည်။

နွေစပါးများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဝဲကြီးဆည်ရေသောက်စနစ်အတွင်း တူးမြောင်းနှင့်လယ်ကြားမြောင်းများ ရေစီးရေလာကောင်းမွန်နိုင်စေရေးအတွက် ရေလမ်းကြောင်းရှင်းလင်းခြင်း လုပ်ငန်းအား ယနေ့နံနက်ပိုင်းက ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် တိရစ္ဆာန်ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးလျက်ရှိ



**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာသူဇာမြင့် ဦးဆောင်သောအဖွဲ့သည် မေ ၂ ရက်က ရက် (၁၀၀) စီမံချက်ဆောင်ရွက်မှုအနေဖြင့် တိရစ္ဆာန်ကာကွယ်ဆေးများကို ကွင်းဆင်းကုသပေးလျက်ရှိသည်။ အဆိုပါ တိရစ္ဆာန်ကာကွယ်ဆေးများကို ဆေးကုသိပ္ပံသင်တန်းသား သင်တန်းသူ(VA) ၁၄ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမနှစ်ဦးတို့နှင့်အတူ အမရပူရမြို့နယ် ကင်းဘက်ကျေးရွာရှိ နွားကောင်ရေ ၃၃၀ အား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းနှင့် တိုင်းရင်းကြက်များအား အိုင်တူးမျက်စဉ်းခတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**စိုးသီဟ(အမရ)**

## ဖြူးမြို့နယ်၌ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မေထုန်မဲ့နွားသားစပ်နည်းသင်တန်းပေး

**ဖြူး မေ ၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နွားမေထုန်မဲ့သားစပ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာစေရန်အတွက် ရည်ရွယ်၍ ဖြူးမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နွားမေထုန်မဲ့သားစပ်နည်းသင်တန်းကို မင်းဂံရိုးကျေးရွာအုပ်စု ဒိုင်းတရာကျေးရွာ၌ နွားမေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်လှစ်သင်ကြားပေးပြီး မေ ၄ ရက် ညနေပိုင်းက သင်တန်းပြီးမြောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် မင်းဂံရိုးကျေးရွာအုပ်စုအတွင်းရှိ မွေးမြူရေးလုပ်ကိုင်သူ သင်တန်းသား ၂၀ တက်ရောက်ပြီး မေ ၂ ရက်မှ ၄ ရက်အထိ မြို့နယ်ဦးစီးမှူးဒေါက်တာစိုးငြိမ်းအောင်နှင့်ဝန်ထမ်းများက စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်းနှင့် သင်တန်းအပြီးတွင် ကျေးရွာအတွင်းရှိ နွားကောင်ရေ ၆၃ ကောင်အား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ပြိုင်ပွဲကို မေ ၅ ရက်တွင် မြန်မာယူ-၁၇ အသင်းအနေဖြင့် အုပ်စု(A)၌ အိမ်ရှင် ဆော်ဒီအာရေဗျ ယူ-၁၇အသင်း၊ မေ ၉ ရက်တွင် တာဂျီကစ္စတန် ယူ-၁၇ အသင်း၊ မေ ၁၂ ရက်တွင် ထိုင်း ယူ-၁၇ အသင်းများနှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု(ပ)နှင့်(ဒ) အသင်းနှစ်သင်းကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းကို အပြီးသတ်ကစားသမား ၂၃ ဦးဖြင့် ရွေးချယ်ခဲ့ပြီး **ဂိုး** – ထက်ဝေယံ၊ လင်းလတ်ထွန်း၊ ရှင်းသန့်ထူး၊ **နောက်တန်း** – အောင်သီဟ၊ မျိုးခန့်ကျော်၊ မြင့်မြတ်ကိုကို၊ ဝင်းဇော်၊ ပိုင်စိုးကျော်၊ အောင်ဆက်ပိုင်၊ ဖုန်းခန့်အောင်၊ မြတ်မင်းသူ၊ **အလယ်တန်း**– ကောင်းခန့်၊ ဝင်းမင်းသန့်၊ ဟန်ထူးလွင်၊ အံ့ထူးပိုင်၊ ချန်လန်းတိန်း၊ အောင်မြတ်သာ၊ စိုင်းမြတ်မင်း၊ လင်းရောင်၊ နေမျိုးသူ၊ အောင်ကောင်းမြတ်၊ **ရှေ့တန်း** – ညီညီသန့်၊ ဒီဝေယံတို့ ပါဝင်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ – MFF**


မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day

ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ
United in Humanity

၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်


## နောင်ခဲ(ရှေ့)ကျေးရွာ၌ ကုန်ထုတ်လမ်းခင်း

**တောင်ကြီး မေ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် (၁၀၀) စီမံချက်ဖြင့် နောင်ခဲ(ရှေ့) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကုန်ထုတ်လမ်း သဲပြုန်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ချောက်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မေ ၄ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ကြီးကြပ်မှုဖြင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အမှတ် (၇)ရပ်ကွက်သို့ သွားရောက်ကာ တစ်အိမ်တက်ဆင်းမီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ ကျော်မိုး(ပြန်/ဆက်)


အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်းမရှိစေရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် မိုင်းပန်မြို့၏ မြောက်ဘက် ကျိုင်းတောင်း-မိုင်းပန်သွားကားလမ်း၏ အရှေ့ဘက်မီတာ ၂၀၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအတွင်း မီးရှို့ဖျက်ဆီးထားသည့် ကွန်ပျူတာများ၊ လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျားပေ ၂၅၀၊ အနံပေ ၃၀ ရှိ (သွပ်မိုး၊ သွပ်ကာ) အလုပ်ရုံသုံးရုံ၊ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ လူနေတဲ ရှစ်လုံး၊ All In One တစ်လုံး၊ Laptop ၁၂ လုံး၊ Starlink လေးလုံး၊ ပါဝါစတေရှင် (အကြီး) သုံးလုံး၊ ပါဝါစတေရှင် (အသေး) တစ်လုံး၊ 200 KV မီးစက် (အကြီး) တစ်လုံး၊ 150 KV မီးစက် (အကြီး) တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိ Power Station များကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံနှင့် ပစ္စည်းများ ဖမ်းဆီးရမိသည့်နေရာပြပုံ




ထို့ပြင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ မွန်းလွဲပိုင်းတွင် မိုင်းပန်မြို့၏ မြောက်ဘက်မီတာ ၁၄၀၀၀ ခန့်အကွာ ကျိုင်းတောင်း-မိုင်းပန်သွားကားလမ်းအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ “ဝ” လူမျိုး အမျိုးသားတစ်ဦး၊ ရှမ်းလူမျိုး အမျိုးသမီးနှစ်ဦး၊ လားဟူလူမျိုး အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ညနေပိုင်း၌ ၎င်းနေရာ၏ အရှေ့မြောက်ဘက်မီတာ ၆၀၀၀ ခန့်အကွာတွင်လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသားအမျိုးသား ၅၂ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း ၅၆ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

**ဥပဒေနှင့်အညီ အရေးယူ**

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







မိုင်းပန်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများ၊ Laptop နှင့် မီးစက်များအား တွေ့ရစဉ်။





အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၅၂ ဦးအား တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် ဖမ်းဆီးရမိ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အား တွေ့ရစဉ်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ အမှုတွဲများ၊ ဝင်စာများ အလွယ်တကူရှာဖွေနိုင်ရန်အတွက်(Case Tracking System) လုပ်ငန်း အပ်နှံနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၇ - ၅ - ၂၀၂၆ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၃ - ၅ - ၂၀၂၆ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ၂၆ လမ်း၊ (၇၁ x ၇၂)လမ်းကြား၊ (၆) ထပ်ဆောင်၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - ၁၈-၅-၂၀၂၆ ရက်
(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေး ကော်မတီ၊ (၈)ထပ်ဆောင် အစည်းအဝေးခန်းမ
(စ) **တင်ဒါပုံစံဈေးနှုန်း** - ၁၀,၀၀၀ ကျပ်

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့်အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်သိရှိလိုပါက - မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန ဖုန်း-၀၉- ၂၅၉ ၂၂၁ ၆၃၂၊ ၀၉- ၆၆၉ ၇၀၀၁၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ အမှုတွဲထိန်းခန်း(ကျောက်တိုက်)တွင် အသုံးပြုရန် လုံခြုံရေးအိတ် (ပလပ်စတစ်အိတ်) (၁၀၀,၀၀၀) ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၇-၅-၂၀၂၆ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၃-၅-၂၀၂၆ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ၂၆ လမ်း၊ (၇၁x၇၂)လမ်းကြား၊ (၆) ထပ်ဆောင်၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - ၁၈-၅-၂၀၂၆ ရက်
(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (၈)ထပ်ဆောင်၊ အစည်းအဝေးခန်းမ
(စ) **တင်ဒါပုံစံဈေးနှုန်း** - ၁၀,၀၀၀ ကျပ်

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်သိရှိလိုပါက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာန ဖုန်း-၀၉-၂၅၉၂၂၁၆၃၂၊ ၀၉-၆၆၉၇၀၀၁၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၇)၊ မြေကွက်အမှတ် (၁၆၃၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်စန်းဝေ (**LTBN- ၁၁၄၄၂၃**) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းသူအောင် (၁၂/ဒဂတ (နိုင်) ၀၅၁၄၅၄) ထံမှ ကျွန်မ ဒေါ်ယဉ်မင်းအောင် (၁/မကန (နိုင်) ၀၀၁၂၁၃)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်မင်းအောင် (၁/မကန (နိုင်) ၀၀၁၂၁၃)
၀၉- ၅၁၆၇၇၇၆

## မွေးသက္ကရာဇ်အမှန်

ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၊ အကွက်အမှတ်(၁၆)၊ ဇာကဒွန်းရပ်ကွက်နေ ဦးသိန်းနိုင်၏သမီး မအိသူဇာနိုင် ၁၀/ပမန(နိုင်)၁၇၉၉၆၅ ၏မွေးသက္ကရာဇ်အမှန်မှာ (၂-၄-၁၉၉၄) ဖြစ်ပါကြောင်း။

**မအိသူဇာနိုင်(၂-၄-၁၉၉၄)**



## ပန်းတနော်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံ

**ပန်းတနော် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံချက်အရ မွေးမြူရေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး၊ ထောင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး၊ ထို့အပြင် မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများ၊ စီးပွားဖြစ် မွေးမြူရေးခြံများနှင့် တိရစ္ဆာန်အစာ၊ ဆေးဆိုင်များ စာရင်းကောက်ယူခြင်း၊ ခြံများအတွင်း ပိုးသတ်ဆေးဖျန်းပေးခြင်းနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စီမံချက်ပါ လုပ်ငန်းစဉ်များအနက် ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့တွင် ပန်းတနော်မြို့နယ်ရှိ ဂုံမင်းကျေးရွာ၊ အလယ်ပိုင်းရပ်ကွက်၊ မြို့ကွက်သစ်ရပ်ကွက်တို့သို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဒေါက်တာသဲစုခိုင် ဦးဆောင်၍ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများပူးပေါင်းကာ ကျွဲ၊ နွား စုစုပေါင်း ၁၇၄ ကောင် အား ရောဂါကာကွယ်ဆေးများ လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၆

ဦးကျော်ကျော်နိုင် (တရားလို) နှင့် ဦးမြင့်သိန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ ၃လမ်း၊ အမှတ်-၇၇၁နေ ဦးမြင့်သိန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း နှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ ရဲယာအရှေ့နှင့်အနောက်(၂၈ပေX၂၈ပေ)၊ တောင်နှင့်မြောက်(၄၅ပေ X၄၃ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဂျော်ရီကု (၁၃/တကန(နိုင်)၀၈၅၄၂၂) ကအရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြီး ရောင်းချလိုကြောင်း ကျွန်ုပ်မိတ်ဆွေထံသို့ ကမ်းလှမ်းလာသည့်အတွက် ယခုကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက် မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရီရီချို(LL.B)(တရားလွှတ်တော်ရှေ့နေ) (စဉ်- ၁၃၀၄၁)၊**
**အမှတ်(၂၄၇)၊နယ်မြေ(၁၀)၊ ရပ်ကွက်(၇)၊ အေးသာယာမြို့။**
**Ph; 09 –425 997 770**

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁ / ၂၀၂၆-၂၀၂၇)

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သားစံအေး (ကိုယ်ပိုင်အမှတ် ၉၅၃၀၈၀) ၉/တကန (နိုင်)၁၃၆၂၂၃ (ဘ) ဦးဂျမန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၈၅၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်နီလာ ၉/တကန (နိုင်)၁၄၃၅၂၈ (ဘ) ဦးဘိုချွေးမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားစံအေး သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/42975 ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းကြိုင် ၈/ရစက(နိုင်)၀၉၇၀၀၆ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော် ဖြိုးသီဟကျော် ၁၂/ရကန(နိုင်)၀၇၁၆၆၂ နှင့် ဒေါ်အေးမြတ်မော် ၉/တကန(နိုင်)၁၃၆၆၅၉ တို့သည် ပေါင်းသင်းနေထိုင်စဉ်တွင် စိတ်သဘောထားခြင်း မတိုက်ဆိုင်သောကြောင့် (၂၂–၉–၂၀၂၂) ရက်တွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် တရားရုံး၊ မြို့ နယ်တရားသူကြီးရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်ဖြိုးသီဟကျော်နှင့် ဒေါ်အေးမြတ်မော်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းနှင့်မျှ ပတ်သက်ဆက်သွယ်မှုမရှိတော့ပါကြောင်းနှင့် ဒေါ်အေးမြတ်မော်အနေဖြင့် ကျွန်တော်ဖြိုးသီဟကျော်၏ ကိုယ်ရေးကိုယ်တာနှင့် လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြော၊ အဆို၊ အပြု အမူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ လုံးဝမပြုလုပ်ရန် အသိပေး အကြောင်းကြားပါကြောင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဖြိုးသီဟကျော်

၁၂/ရကန(နိုင်)၀၇၁၆၆၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၊ Lot–1 သုံးထပ်ပင်မ အဆောက်အအုံ ရှေ့ပိုင်းအကြီးစားပြုပြင်ခြင်း (၂၅၆'–၀" x ၁၂၆'–၀" x ၄၇'–၆") (၉၆၇၆၈ စ/ပေ)၊ Lot–2 ဂါလံ (၆၀၀၀)ဆံ့ RC ရေစင်(၂)လုံးတည်ဆောက်ခြင်း (၁၃' x ၁၃' x ၄၀')နှင့် Lot–3 မြမဥ္ဇူအဆောင်နှင့် မြစပယ်အဆောင်များအား အုတ်နံရံ၊ အခန်းကန့်အုတ်နံရံ၊ မြင့်မိုရ်ပိတ်များ၊ မျက်နှာကြက်ပျက်စီးမှုများပြုပြင်ခြင်းနှင့် နံရံဆေးသုတ်ပြုပြင်ခြင်း (၂၁၁' x ၄၀' x ၃၀') တို့အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်–

(က) **တင်ဒါရောင်းချမည့်ရက်** – (၁၁–၅–၂၀၂၆) ရက်မှ (၁၅–၅–၂၀၂၆) ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းမည့်ရက်** – (၂၇–၅–၂၀၂၆)ရက်

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** – (၂၈–၅–၂၀၂၆)ရက်

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** – သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ဖုန်း–၀၉–၄၀၂၇၂၁၆၀၂၊ ၀၉–၉၆၉၈၄၈၀၃၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ၊ တိုက်အမှတ် (CI 4)၊ (4)လွှာ၊အခန်းအမှတ် (409)၊ အခန်းအမျိုးအစား (3Beds)၊ အကျယ်အဝန်း (958) စတုရန်းပေရှိ သော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ် တို့အားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်မေမြတ်မွန် (၁၄/အမန(နိုင်)၁၄၄၂၀၅) ထံမှ အပြီးပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စ နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သင်းသန္တာရွှေ ၁၂/ဒဂတ(နိုင်)၀၂၀၃၇၁

ဖုန်း–၀၉–၇၇၇၂၀၀၈၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အိမ်အမှတ်(၂၆)၊ (၂) ခန်းတွဲ (၆)ထပ် တိုက်၏ (၅) လွှာ၊ ယာဘက်အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချန်စွက်အိမ်(ခ)ဒေါ်မြင့်မြင့် ၁၂/ဗတထ(နိုင်)၀၃၀၁၂၈ ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဦးကျော်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီထားပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယခုအရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမင်းသိန်းအောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ် – ၃၇၇၈၁၊ ၂၀၁၁)

အမှတ် – ၃၃၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉–၄၂၁၇၁၄၄၈၁

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/96546 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3S/9516 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၁)၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့)၊ ဦးပိုင်အမှတ် (၁၃၂)၊ ဧရိယာ (၀.၀၉၆) ဧက၊ အမှုတွဲအမှတ် ၅၆၅–၅/၂၀၁၄–၁၅(အေ)၊ ဒေါ်အေးအောင် အမည်ပေါက်သည့်မြေကွက်အား ဒေါ်အေးအောင်မှ ဒေါ်တင်တင်မြ ၁၃/လရန(နိုင်)၀၁၂၅၇၄ သို့ ရောင်းချပြီးဖြစ်၍ ဒေါ်တင်တင်မြ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်နေ့မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်တင်တင်မြ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်(၆၁၁)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်သန်းသန်းငွေး ၁၂/စခန(နိုင်) ၀၁၃၁၉၆၊ (၂)ဒေါ်ခင်ဆွေမြင့် ၁၂/အစန(နိုင်)၀၂၆၂၀၆၊ (၃)ဦးညွန့်နိုင် ၁၂/အစန(နိုင်)၀၂၆၂၀၇၊ (၄) ဒေါ်တင်တင်ငွေး ၁၂/အစန(နိုင်)၁၃၈၈၉၀၊ (၅)ဒေါ်စုမွန်အောင် ၁၂/အစန(နိုင်)၁၇၈၈၄၈၊ (၆)ဦးကျော်ဇေယျာအောင် ၁၂/အစန(နိုင်)၁၇၈၈၂၇ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးညီညီစိုး၁၂/ဗဟန(နိုင်)၀၄၀၉၇၃၊ ဒေါ်ဝတ်ရည်ကြိုင် ၁၂/အစန (နိုင်)၁၆၂၅၃၀ တို့က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးခင်ဇော်** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၆၃၅)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၄၈၀)** |
| **B.Sc, PGDL, HGP.WIPO(Switzerland)** | **LL.B,DLP,WIPO(Switzerland)** |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၈၇၁၉၂၂၃၁၊ ၀၉-၇၆၃၈၀၈၇၉၁**

## ယာဉ်အမှတ်(EE/2941) TOYOTA COROLLA FIELDER NZE 12 STATION WAGON(4x2) (R) လက်ဝယ်ရှိသူနှင့် အဆင့်ဆင့်လွှဲပြောင်း၊ ရောင်းချခဲ့ကြသူများ လာရောက်ဆက်သွယ်ကြပါရန်ကြေညာခြင်း

အထက်ဖော်ပြပါ ယာဉ်အမှတ် (EE/2941) TOYOTA COROLLA FIELDER NZE 12 STATION WAGON (4x2) (R) ယာဉ်သည် မူလပိုင်ရှင်ဒေါ်ယုယုနွယ်(၁၄/လပတ(နိုင်)၁၆၇၄၄၁)အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါ ယာဉ်အား (၇-၉-၂၀၂၂) ရက်က ဦးသက်မောင်မောင်ဆိုသူသို့ လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါယာဉ်အား ဘားအံခရိုင်တရားရုံးက ပိုင်ရှင်ဖြစ်သူထံသို့ ပြန်လည်ပေးအပ်ခဲ့သော်လည်း ကရင်ပြည်နယ်တရားလွှတ်တော်က (၂၈-၁၁-၂၀၂၅)ရက်က ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၄၃(ခ) ဖြင့်တက်ရောက်ခဲ့ပါသည်။ အဆိုပါယာဉ်နှင့်ပတ်သက်၍ လက်ဝယ်ရှိသူနှင့် အဆင့်ဆင့်လွှဲပြောင်း ရောင်းချခဲ့ကြသူများသည် (၁၃-၅-၂၀၂၆) ရက် နောက်ဆုံးထား၍ လာရောက်တွေ့ဆုံဆက်သွယ်ဖြေရှင်းကြပါရန် အသိပေးကြေညာလိုက်ပါသည်။ လာရောက်တွေ့ဆုံဖြေရှင်းခြင်းမပြုပါက အဆိုပါယာဉ်နှင့်ပတ်သက်၍ ယာဉ်ပိုင်ရှင် ဒေါ်ယုယုနွယ်က တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယုယုနွယ်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၆၂၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၂၁၆)** |
| **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၁) မြောက်ပိုင်း၊ ဦးပိုင်အမှတ်(၃၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အောင်စကြာ ဘုရားလမ်းထောင့်၊ အမှတ် (၁၂၀)၊ ဧရိယာ(၀.၀၃၅)ကေရှိ နှစ်(၁၀)မြေငှားဂရန်မြေကွက်သည် ဒေါ်နှင်းအေး (၁၄/ဘကလ(နိုင်)၀၈၆၂၃၂) က အမည်ပေါက် ပြီး၊ ၎င်းကွယ်လွန်သဖြင့် ၎င်း၏ သမီး ဒေါ်ယဉ်ယဉ်ထွေး (၁၄/ဘကလ(နိုင်) ၀၃၂၈၇၂) က အမွေဆက်ခံပိုင်ဆိုင်ကာ လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကာ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြသူဇာလွင် ၁၄/ဘကလ(နိုင်)၁၄၈၆၉၇**
**ဖုန်း-၀၉-၂၆၁၃၃၃၈၈၇**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးရန်ဆန်း၏ သမီး ကျွန်မ မရန်လီချိုး ၁၃/ကလတ(နိုင်) ၀၅၄၂၆၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG 663616)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၁၆၈၈၄၃၈**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအားဂျေ၏ သမီး ကျွန်မ မအားဘာ ၁၃/တခလ(နိုင်) ၀၄၁၄၄၉) ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။

**ဖုန်း-၀၉-၄၂၈၂၂၀၁၂၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 85W/19992 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၉/စကတ(နိုင်) ၀၆၃၅၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၂၅၇)၊ မြေဧရိယာ (၀ ဒသမ ၀၈၂ ဧက) ရှိ ဒေါ်ခင်ဖြူဖြူ (ဘ) ဦးတင်မောင် ၁၂/ဥကတ(နိုင်)၀၂၄၄၀၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်ဖြူဖြူမှ ဦးအမ်ဇော်လတ် (ဘ) ဦးမားကို့(စ်) ၁၃/ကတန (နိုင်)၀၈၇၃၅၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက် အမှတ် (လလ-၁၈)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ (၀.၀၅၅၁)ကေ အကျယ်အဝန်းရှိ ဗိုလ်မှူးကြီးမြင့်ဟန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အထူးကိုယ်စားလှယ်လွှဲစာ၊ အရောင်းအဝယ် အရပ်ကတိစာချုပ်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးစန္ဒာထွန်း (ဘ) ဦးစံလင်း ၁၃/ညရန(နိုင်)၀၉၅၇၀၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နန်းရွှေစင်ငယ်(LL.B)** | **ဒေါ်တွယ်တာဝင်းနိုင် (LL.B)** |
| **စဥ်-၉၂၁၅** | **စဥ်-၅၆၈၆၅** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**၃၃ လမ်း၊ ၇၀x ၇၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ၊**
**ဖုန်း-၀၉-၇၈၇၃၈၀၁၀၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီးငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဧည့်ရိပ်သာတွင် ရုံးအဖွဲ့နှင့် ယာဉ်မောင်းများ နားနေရန်အတွက် (၁၀၀ x ၂၄ )ပေ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဧည့်ရိပ်သာအဝင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဧည့်ရိပ်သာ လျှပ်စစ်ဓာတ်အား ရရှိရေးလုပ်ငန်းနှင့် မြစ်သားမြို့နယ်၊ ပြက္ခရွှေတောင်တက်လမ်း ကွန် ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၅-၅-၂၀၂၆ရက်(အင်္ဂါနေ့) ရုံးချိန်အတွင်း
(ခ) **တင်ဒါပုံစံအရောင်း ပိတ်မည့်ရက်** - ၁၉-၅-၂၀၂၆ရက်(အင်္ဂါနေ့) ရုံးချိန်အတွင်း
(ဂ) **တင်ဒါပုံစံတင်သွင်း မည့်ရက်** - ၂၂ -၅- ၂၀၂၆ရက်(သောကြာနေ့) ရုံးချိန်အတွင်း
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဖုန်း-(၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃) တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီ(၁၅)လမ်း၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၁၁၄၂)၊ ဦးခင်ရှိန်အမည်ပေါက် ဧရိယာ အလျား ၄၀ ပေx အနံ ၆၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ် များဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ချိုအေး ၁၂/လကန(နိုင်) ၁၄၆၄၉၀ က ရောင်းချရန် ကမ်းလှမ်းရာ အဆိုပါမြေကွက်ကို အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းစိန် ၁၂/မဂဒ(နိုင်)၁၁၆၉၅၅ က ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ် သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်နွယ်ဦး (LL.B)၊**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၇၀၃)**
**ဖုန်း-၀၉-၄၂၁၁၂၃၅၈၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက် အမှတ်(၃၈၃)၊ ဧရိယာ (၀.၀၅၇)ကေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးမျိုးမြင့် အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဆိုမြေကွက်အား အမည်ပေါက်သူ ဦးမျိုးမြင့်ထံမှ ဒေါ်ခင်စိုးဝင်းက အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး လက်ရောက် နေထိုင်လျက်ရှိပါသည်။ ၎င်းစာချုပ်တွင် ဝယ်ယူသူ အလိုရှိသည့် အချိန်တွင် အရောင်း အဝယ်မှတ်ပုံတင်စာချုပ်ကို ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည့်အတွက် ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက် ချုပ်ဆိုပေးပါရန် ဦးမျိုးမြင့် နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်နွေးယုအောင် (LL.B)** | **ဒေါ်ယမင်းစံ (LL.B)** |
| **(စဥ်-၈၈၉၁)** | **(စဥ်-၉၉၃၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**၄၀x၄၁ လမ်းကြား၊ ၆၀x၆၁လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၉၀၀၃၃၁၁ ၊ ၀၉-၄၀၀၅၁၅၁၂၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၁၀၉)၊ မြေဧရိယာ(၀.၂၃၆)ကေရှိ ဒေါ်ခင်ခင်ငွေး (ဘ)ဦးသောင်းရွှေ ၁၂/ကတတ(နိုင်)၀၁၇၇၇၆၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်ခင်ငွေးထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၃၈၁၇/၂၀၂၃)၊ (၈-၁၁-၂၀၂၃) ရရှိထားသူ ဦးစိုင်းစိုးစိုး(ဘ)ဦးစိုင်းကျော်သန်းငွေး ၁၃/လရန(နိုင်)၁၉၂၇၆၂ မှ ဒေါ်ဝမ်ရွှယ်ထောက်(ဘ)ဦးဝမ်စင်အန် ၁၃/ကလတ(နိုင်)၀၅၁၁၀၀ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ(၂.၆၈၂)ကေရှိ ဥတ္တရခရိုင်မီးသတ်ဦးစီးမှူးရုံး အမည်ပေါက် မြေကွက်အမှတ်(PO-၀၂၀)၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက် မူရင်း တင်ပြပြီး နှစ် (၃၀) မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပျောက်ဆုံးသွားသော နှစ် (၃၀) မြေငှားစာချုပ် စာအုပ် (မူရင်း)အားပယ်ဖျက်၍ နှစ်(၃၀) မြေငှားစာချုပ်(မိတ္တူမှန်)လျှောက်ထားလာမှုအား ဆက်လက်ဆောက်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးပြည့်ဖြိုးကျော်နှင့် ဒေါ်အေးမြတ်မွန် တို့၏ သား မောင်လင်းမြတ်အား မောင်ကောင်းမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇမ္ဗူသီရိ မြို့မရဲစခန်းနေ(ဘ) ဦးလှမြင့်ဦး၏ သား နည်းပညာတက္ကသိုလ် (ရမည်းသင်း) စတုတ္ထနှစ်(EP)မှ မောင်စံမင်းမြတ် ၉/ဇဗသ(နိုင်)၀၀၈၇၅၄ နှင့် မောင်ရဲဘုန်းမြင့်ဦးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်စံမင်းမြတ်(ခ)**
**မောင်ရဲဘုန်းမြင့်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅ယ/၇၇၁၉ New Zhineng NP Model -1(110) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအေး ၉/တသန (နိုင်)၂၃၃၄၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/36188 ယာဉ်လက် ဝယ်ရှိသူ ဦးဘိုစိုးခန့် ၉/တကန(နိုင်)၁၇၄၈၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(ZS-၀၀၃)၊ ဧရိယာ (၀ ဒသမ ၉၂၀)ကေရှိ ဦးဝင်းဇော် (ခ) ချွန်မင်း (ဘ) ဦးသိန်းအောင် ၁၂/လမတ(နိုင်)၀၁၇၉၈၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးရဲသူ (ဘ) ဦးမင်းဒင် ၁/မညန(နိုင်)၀၇၅၄၆၁နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူး ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ တိုက်အမှတ် (၄၇၄)၊ သတ္တမထပ်(၈)လွှာ၊ မျက်နှာမူလျှင်(ညာ)ဟုခေါ်တွင်သော၊ အကျယ်အဝန်း ပေ(၂၄x၅၄)ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ငြိမ်းစုစံ ၁၃/ကမန(နိုင်)၁၁၅၈၆၆ထံမှ ဝယ်ယူရန် ကျွန်ုပ်မှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်ရွှေဇင်မေ ၁၀/သဖရ(နိုင်) ၀၈၆၃၇၅**
**အမှတ်(၁)၊ ဦးဝိစ္စာလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၉၈၁၉၈၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မင်းဘူး (၁)လမ်း၊ မြေကွက်အမှတ်-၁၃၂၅+၁၃၂၆/က၊ ဧရိယာ (၀.၀၅၅) ကေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ ဒေါ်တင်နွဲ့ကြည် ၁၂/ဒဂဆ(နိုင်)၀၀၈၈၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေး ချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER၊ အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၄၁၁၇၈၅၄**

## ဒေါ်စန်းစန်းမြ
## (Maureen Chit)
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
## (စီမံကိန်းရေးဆွဲရေးဦးစီးဌာန)
## အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၈၂/၁၈၄)၊ လမ်း (၅၀)နေ (ဦးဘချစ်-ဒေါ်ကျင်နု)တို့၏သမီး၊ (ဦးဟန်ဝင်း)၏ဇနီး၊ ဒေါ်သီတာဟန် ၏မိခင်၊ ဒေါ်သန်းသန်းအိ ၏အဘွားသည် ၄-၅-၂၀၂၆ ရက် နံနက် ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ (၆)ရပ်ကွက်၊ အင်းဝ(၅)လမ်း၊ မြေကွက်အမှတ်-၃၇၈(က)၊မြေ အမျိုးအစား-နှစ်(၆၀)ဂရန်မြေ ၊အကျယ်အဝန်း (အလျားပေ၂၀x အနံ ပေ ၆၀ )ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းပြီး တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ကေသီဝင်း(၁၂/ဥကတ(နိုင်)၁၆၂၅၆၀)(ဘ)ဦးမြင့်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီမင်းဌေး (၁၂/သဃက(နိုင်)၁၆၅၃၅၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးသန္တာကို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၉၁/၂၀၁၈)**
**အမှတ်-၅၀၊ဒုတိယထပ်(ဝဲ)၊အခန်း(၉)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၈၀၃၅၀၉၂**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊၃၉(ဘီ)-ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊မြေကွက်အမှတ် (၉)၊ ဦးအောင်မြင့်+၁အမည်ပေါက်နှစ် (၆၀)ဂရန်မြေအမျိုးအစား၊အကျယ်အဝန်း(၃၉ ¹/₂ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသောတစ်ထပ်တိုက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဒေါ်ခင်မာညို ၁၂/ဗတထ(နိုင်)၀၁၆၃၀၈ ၏ဖခင်မှ (၉- ၉- ၁၉၉၂) ခုနှစ်ကတည်းကဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားနေထိုင်ခဲ့သောအိမ်ခြံမြေဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းတစ်နည်းနည်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်းများမပြုလုပ်ကြရန်သတိပေးထားမြစ်ပါသည်။ယခုအခါတွင်အဆိုပါ အိမ်ခြံမြေအားတစ်စုံတစ်ဦးမှ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ ဝင်ရောက်ကာ ခြံခတ်ထားသည့်အပြင် ကျွန်ုပ်မိတ်ဆွေများ ဝင်ထွက်သွားလာ၍မရအောင် ပိတ်ဆို့သော့ခတ် ထားကြောင်းသိရှိရသည့်အတွက်အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သူသည် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ဖျက် သိမ်းဖယ်ရှားပေးပါ ရန်နှင့်လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ဒုတိယထပ်၊အေးစေတီလမ်း၊ဗမာအေးရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)အား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဆင်ဖြူရှင်ရပ်)၊ ဆင်ဖြူရှင်ရပ်ကွက်၊ ရန်ကြီးအောင်(၁)လမ်း၊ မြေကွက်အမှတ်(ပစ(အေ)၃၇၄) အကျယ်အဝန်းပေ(၈၀ x ၈၀)၊ ဧရိယာ(၀.၁၄၆)ဧကရှိ နှစ်(၃၀)မြေငှားဂရန် အမည် ပေါက်ပိုင်ရှင် ဗိုလ်မှူးဆန်းကို(ခ)ကိုကိုဆန်း (ဘ)ဦးထွန်းညွှန့်(၁၂/မဂဒ(နိုင်)၀၀၂၃၂)ပိုင်ဆိုင်သော မြေကွက်အား ဦးမျိုးထွဋ်(၁၀/မလမ(နိုင်)၀၃၃၈၆၇) အမှတ်(၆၃၃၁)၊ အင်းဝလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ထံသို့ (၃၀-၁၁-၂၀၂၂)ရက်တွင် ဥတ္တရသီရိမြို့နယ် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(IV-၅၆၅၀/၂၀၂၂)ဖြင့် လွှဲအပ်ပေးထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)အား ဆက်လက်အသုံးပြုရန် မလိုတော့ပါသဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ကျွန်ုပ်၏ အထူးကိုယ်စားလှယ်လွှဲစာ(SP)ကို (၇-၄-၂၀၂၆)ရက်တွင် စာချုပ်အမှတ်(IV- ၆၈၂/၂၀၂၆) ဖြင့် ဒေါ်စုပိုင်စိုး(ဘ) ဦးစိုးမြင့်(၁၄/မမန(နိုင်)၂၂၄၂၂၅)အား နောက်ဆုံး လွှဲပြောင်းထားသည်မှာ မှန်ကန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမာလာ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄)**
**ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၀၄၂၉၅၉၇၊ ၀၉- ၆၉၃၀၀၉၅၈၆**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၅၃-အေ)၊ မြန်မာနန်းကွက်သစ်၊ ဦးပိုင်အမှတ်(၃၆၀)၊ မြေဧရိယာ(၀.၀၅၅)ဧကအား ဒေါ်တင်တင်လှ ၁၀/မလမ(နိုင်)၀၉၄၇၆၄ အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး လူနေထိုင်ရန် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သထုံခရိုင်တရားရုံး
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

| | | |
|---|---|---|
| ဒေါ်ဥမ္မာထွန်း | နှင့် | ၁။ဦးဟန်ထွန်းအောင်<br>၂။ ဒေါ်အေးစန္ဒာဦး |
| (တရားလို) | | (တရားပြိုင်များ) |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ စစ်ကိုင်း-မန္တလေးလမ်း၊ အကွက်အမှတ်(၅၀၁)၊ အမှတ်(၈၅)(ယခု နေရပ်လိပ်စာမသိ) နေ(၁)တရားပြိုင် ဦးဟန်ထွန်းအောင်(၂)တရားပြိုင်ဒေါ်အေးစန္ဒာဦး (အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဥမ္မာထွန်းက (၁၅-၁-၂၀၂၃)ရက်စွဲပါစာချုပ်ဖြင့် တရားလိုထံမှ ရယူ သွားသောငွေကျပ် (၅၀၀၀၀၀၀၀) (ကျပ်သိန်းငါးရာတိတိ) နှင့် နစ်နာကြေးငွေကျပ် (၁၀၀၀၀၀၀၀၀) (ကျပ်သိန်းတစ်ထောင်တိတိ) စုစုပေါင်းငွေကျပ် (၁၅၀၀၀၀၀၀၀)(သိန်းတစ်ထောင့်ငါးရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊မေလ(၁၉)ရက်၊ (၁၃၈၈ခုနှစ်၊ နယုန်လဆန်း(၄)ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ရေးသား ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမတိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၅

| | | |
|---|---|---|
| ဦးမြဝင်း | နှင့် | ဒေါ်တင်တင်လွင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/အေ) ရပ်ကွက်၊ သစ္စာ(၅)လမ်း၊ အမှတ်-၁၀၈ နေ ဒေါ်တင်တင်လွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက“ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၅၃-အေ)၊ မြန်မာနန်းကွက်သစ်၊ ဦးပိုင်အမှတ်(၃၅၉)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကအား ဒေါ်ခင်စောကြည် (၈/ဆပဝ(နိုင်)၀၀၂၃၆၀) အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး လူနေထိုင်ရန် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ(၁)လမ်း၊ အမှတ်(၅၆၃)ဟု ခေါ်တွင်သော အလျားပေ(၄၀)xအနံ ပေ(၆၀) မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် (ခေါင်းရင်း)ဘက်အခြမ်း၊ အမှတ်(၆၀၃)နှင့်ကပ်လျက် အလျားပေ(၂၀)xအနံ ပေ(၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ထရိုက်တိုက်(၅)ထပ်တိုက်အနက်မှ (မြေညီထပ်+မှန်ခန်း) တိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသည့် ၁။ ဒေါ်ခင်ဝင်း (၁၂/ဥကမ(နိုင်) ၁၅၁၀၉၃)၊ ၂။ ဦးနိုင်ဦး(၁၂/ဥကမ(နိုင်) ၁၈၀၆၉၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးညဏ်ထွန်း (၁၂/ဥကမ(နိုင်) ၀၂၂၃၅၃)က ဝယ်ယူရန်အတွက် မြေကွက်နှင့် တိုက်ခန်း(၂)ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နှင်းပွင့်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၄၃၀၉၃၂၈၇**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)
### တာမွေမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

| | | |
|---|---|---|
| ဦးရွှေဝင်း | နှင့် | ၁။ ဒေါ်အေးအေးလွင်<br>၂။ ဒေါ်သင်းသင်းလွင် |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က) ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် (၄၀) နေ တရားပြိုင်များဖြစ်ကြသော (၁) ဒေါ်အေးအေးလွင်၊ (၂) ဒေါ်သင်းသင်းလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးရွှေဝင်းက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်(၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ်၊ ၁၂ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပန်းသက်စုခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တာမွေမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/46735, Shayan-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာထွန်း ၉/မတရ(နိုင်) ၁၇၉၀၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 24U/7404 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၆၁၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေ မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော လမ်းနှင့်ကပ်လျက်အခြမ်း (ထောင့်ဘက်ခြမ်း) မြေအလျား x အနံ (၂၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်းနှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးစောဝင်း (MGN.၀၃၃၄၈၆) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရာဇာလင်း (၁၂/ဒဂတ(နိုင်)၁၆၂၆၃၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတင်ထွန်း (၁၄/ဘကလ(နိုင်)၀၁၄၀၆၅)မှ အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်အပါအဝင် မြေချပါမစ်မူရင်း၊ အခြားအဆက်အဆက်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံ လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ ဇယျာသီရိလမ်း၊ မြေကွက်အမှတ် (၁၅၃၁)၊ အကျယ်အဝန်း (၄၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတို့တွင် အမှတ်စဉ်အမှတ်(၁၄၆၈)အရ ဦးထွန်းအောင် (MTA -၁၁၄၀၃၁)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးတင်အောင်မြင့် (၁၂/အလန(နိုင်) ၀၃၀၄၅၅)မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိမှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၄၉၃)၊ (လူနေရပ်ကွက်အခေါ်ဝေါ် အမှတ်(၄၉၃)၊ အောင်မင်္ဂလာလမ်းသွယ်(၁)နှင့် စစ်ကိုင်း(၁)လမ်းထောင့်၊ (၇၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့) အကျယ်အဝန်း (၄၀' x 60') (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်နှင်းနှင်းအေး (၉/မဟမ(နိုင်)၀၄၃၈၃၈)အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ၎င်းမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/6952 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

# မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေး၊ ပညာရေးနှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – ပါကစ္စတန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ ပညာရေးနှင့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာနှီးနှောဖလှယ်ပွဲများ၊ ကုသရေးအတွေ့အကြုံများဖလှယ်ခြင်းနှင့် ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်းရောက်ရှိ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48)နှင့် INS Sunayna(P-57)တို့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အရာရှိ၊ စစ်သည်စုစုပေါင်း ၅၂၇ ဦးလိုက်ပါလာပြီး မေ ၆ ရက်အထိ သုံးရက်ကြာနေထိုင်၍ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်သွားမည်ဖြစ်ကာ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်း အာရှဖလားပြိုင်ပွဲအတွက် ဆော်ဒီအာရေဗျနိုင်ငံ၌လေ့ကျင့်

**နေပြည်တော် မေ ၄**

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ–၁၇ အသင်းသည် အာရှဖလား ယူ–၁၇ နောက်ဆုံးအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံ Jeddah မြို့သို့ မေ ၂ ရက်တွင် ရောက်ရှိပြီး ဆော်ဒီအာရေဗျ ကလပ် Al Ahli FC အသင်း လေ့ကျင့်ရေးကွင်း၌ စတင်လေ့ကျင့်လျက်ရှိသည်။ *စာမျက်နှာ ၁၉ ကော်လံ ၁* ❑



**ယနေ့ ဖတ်စရာ**

**၂၀၂၆ ခုနှစ် မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
ပြည်တွင်းသတင်း စာ ၉

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ**
ပြည်တွင်းသတင်း စာ ၂၀